Know The Truth Group Co., Ltd.
No ..............
Date ..............

KTT Group Co.,Ltd.

No. 10/11/12, Building No.112, 1st Floor, 8th Mile, PyayRoad, MayangoneTownship, Yangon, Myanmar. Tel : 652116, 651786. Fax : 651786
E-mail : kttcompany@gmail.com, kttpteltd@gmail.com Website : www.kttgroup.com.mm

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

# Environmental Management Plan

# (EMP)



**Central Hotel**

**ဧရာဝတီတိုင်းဒေသကြီး၊ငွေဆောင်မြို့**

# မာတိကာ

စာတမ်းအကျဉ်း


၁။ နိဒါန်း ၁

၂။ ရည်ရွယ်ချက် ၂

၃။ အဆိုပြုလုပ်ငန်း၏ ပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက် ၂

၄။ လူမှုစီးပွားအခြေအနေ ၂

၅။ ဟိုတယ်နှင့်ပတ်သက်သည့်အကြောင်းအရာများ ၃–၁၅

၅–၁ ပိုင်ရှင်နှင့်ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိထားမှု

၅–၂ တည်နေရာနှင့်အဆောက်အအုံ

၅–၃ ဧည့်ခန်းနှင့်ဧည့်ကြိုကောင်တာ

၅–၄ အိပ်ခန်းဖွဲ့စည်းထားရှိမှု

၅–၅ ဟိုတယ်စားသောက်ဆိုင်နှင့် ဟိုတယ်စားသောက်ခန်းများ

၅–၆ စားဖိုဆောင်

၅–၇ ဝန်ထမ်းရေးရာကိစ္စရပ်များ

၅–၈ မီးဘေးတားဆီးရေးအစီအမံများ

၅–၉ ရေအရင်းအမြစ်နှင့်ရေသုံးစွဲမှု

၅–၁၀ စွမ်းအင်သုံးစွဲမှုနှင့်စွမ်းအင်ရရှိရန်ဆောင်ရွက်မည့်အစီအစဉ်

၅–၁၁ ဟိုတယ်ပတ်ဝန်းကျင်သာယာလှပရေးနှင့်စိမ်းလန်းရေးဆောင်ရွက်ထား ရှိသည့်အစီအစဉ်

၅–၁၂ ယာဉ်ရပ်နားရန်စီစဉ်ထားရှိမှု

၆။ လိုက်နာဆောင်ရွက်မည့်ဥပဒေ၊ နည်းဥပဒေများ ၁၅–၂၈

၇။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ၂၈–၃၉

၇–၁ မြေထုပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနှင့်ကုစားမှု

၇–၂ လေထုပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနှင့်ကုစားမှု

၇–၃ ရေထုညစ်ညမ်းမှုနှင့်ပြန်လည်ကုစားမှု

၇–၄ အသံဆူညံမှု

၇–၅ အနံ့

၇–၆ စွန့်ပစ်အစိုင်အခဲနှင့်လျော့ချပေးမည့်အစီအစဉ်များ

၇–၇ အများပြည်သူပါဝင်မှုနှင့် သတင်းအချက်အလက်များထုတ်ဖော်မှု

၇–၈ ကျန်းမာရေးဆောင်ရွက်ထားရှိမှု

၇–၉ လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှု (CSR)

၇–၁၀ အရေးပေါ်အခြေအနေတုန့်ပြန်ဆောင်ရွက်ခြင်းနှင့်အသင့်ရှိမှု

၇–၁၁ လိုက်နာစောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်

၈။ နိဂုံး ၃၉

၉။ နောက်ဆက်တွဲ

ကောင်းကင်ဓါတ်ပုံများ

ကုမ္ပဏီနှင့်ပတ်သက်သည့်အချက်အလက်များ

မှတ်တမ်းဓါတ်ပုံများ

## စာတမ်းအကျဉ်း

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာအဆင့်မီဟိုတယ်များကိုဆောက်လုပ်ရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမိုတွင်ကျယ်လျှက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော ယဉ်ကျေးမှုနှင့်သဘာဝအရင်းအမြစ်များ မိမိတို့နိုင်ငံ၏ တုနှိုင်းမမီသော သဘာဝဂေဟစနစ်နှင့် တိုင်းရင်းသားမျိုးနွယ်စုများအပေါ်၌ မြတ်နိုးတန်ဖိုးထားတတ်မှုများကို ကမ္ဘာတစ်ဝှမ်းမှ တွေ့မြင်သိရှိနိုင်ရန်မှာယနေ့ခေတ်အချိန်အခါ၌ လွန်စွာအရေးကြီးသောကိစ္စရပ်တခုဖြစ်ပါသည်။ အဆိုပါကိစ္စရပ်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားများ သက်တောင့် သက်သာအနားယူအပန်းဖြေနိုင်ရန်အတွက် နားခိုရာနေရာဖြစ်သည့် အဆင့်မြင့်နိုင်ငံတကာ အဆင့်မီ ဟိုတယ်များလိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအား ပိုမိုမြင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအနှံ့တွင် အဆင့်မြင့်ဟိုတယ်များ ဆောက်လုပ်ခြင်းဖြင့်သဘာဝအခြေခံခရီးသွားလုပ်ငန်းအားမြှင့်တင်ရာရောက်သကဲ့သို့ကမ္ဘာနိုင်ငံများမှလည်း မြန်မာနိုင်ငံအားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်၍ခရီးသည်များ၏လုံခြုံမှုနှင့်စိတ်ကျေနပ်မှုပေးစွမ်းနိုင်သောတိုင်းပြည်တခုအဖြစ်သိရှိနိုင်မည်ဖြစ်ပါသည်။ နိုးသည်ထရှသ်ဂရု(ပ်)ကုမ္ပဏီလီမိတက်မှာလည်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ ကျောက်ကြီးကွင်း၊ကွင်းအမှတ်-၁၉၈၅(ပြင်)၊ အမှတ်(၃) ရပ်ကွက်၊ပုန်းညက်လမ်းတွင်မြေဧရိယာ(၄၅.၉၈)ဧကပေါ်တွင် ငွေဆောင်ကမ်းခြေဟိုတယ်(CentralHotel) အမည်ဖြင့် ၇.၇.၂၀၁၇ ရက်နေ့မှ ၆.၇.၂၀၁၉ ရက်နေ့အထိ (၂)နှစ်အား ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အား လိုင်စင်အမှတ် ဟ-၀၄၅၉ (သက်တမ်းတိုး) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများကို ခရီးသည်များလေ့လာနိုင်စေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများထိခိုက်ပျက်စီးမှုမရှိစေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကိုအကြောင်းပြု၍ နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြုစေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေး

လုပ်ငန်းဆိုင်ရာအတတ်ပညာရပ်များကို တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ ခရီးသည်များ၏ လုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရန် တို့အားရည်ရွယ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်–၁၉၈၅(ပြင်)၊ အမှတ်(၃)ရပ်ကွက်၊ ပုန်းညက်လမ်းတွင် ဖွင့်လှစ်ထားရှိသည့် ငွေဆောင် ကမ်းခြေဟိုတယ် (Central Hotel) အား

3' 56.5") မြန်မာနိုင်ငံသားလုပ်ငန်းရှင် ဒုဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) (နဝဒေဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလီမိတက် အဖွဲ့အစည်း မှတ်ပုံတင်အမှတ် ၁၁/၁၉၉၂–၁၉၉၃) မှ လုပ်ငန်းပိုင်ရှင်အဖြစ် တာဝန်ယူဆောင်ရွက် ပါသည်။ ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များအနေဖြင့် ကုမ္ပဏီအား တိုက်(၁၁၂)၊ အမှတ် (၁၀/၁၁/၁၂)၊ပထမထပ်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားရှိပြီး ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များမှာ ၀၁–၆၅၂၁၁၆၊ ၀၁–၆၅၁၇၈၆ တို့ဖြစ်ပါသည်။ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ရာထူးအား ဦးတင်ထွန်းသက် (၁၂/ကမရ(နိုင်)၀၂၈၄၉၃) မှတာဝန်ယူဆောင်ရွက်ပြီး ဒါရိုက်တာများမှာ ဦးကျော်သူရသက် (၁၂/ကမရ (နိုင်)၀၅၁၁၆၈)၊ ဒေါ်မွန် (၁၂/ကမတ(နိုင်)၀၄၃၇၈၀)နှင့် ဦးထွန်းလွင်(၁၂/သဃက(နိုင်)၀၄၇၁၈၈) တို့ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်၍ ကုမ္ပဏီဒါရိုက်တာဖြစ်သူ ဦးသိန်းထွန်းသက်မှ တာဝန်ယူဆောင်ရွက်ပြီး ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်မှာ ၀၉–၅၄၀၉၀၉၅ ဖြစ်ပါသည်။ ဟိုတယ်နှင့်တည်းခို ရိပ်သာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ် နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ၇.၇.၂၀၁၇ ရက်နေ့တွင် လိုင်စင်အမှတ် ဟ–၀၄၅၉ (သက်တမ်းတိုး) ဖြင့် ၇.၇.၂၀၁၇ရက်နေ့မှ ၆.၇.၂၀၁၉ရက်နေ့အထိ ၂ နှစ်အား ဟိုတယ်နှင့်တည်းခို ရိပ်သာလုပ်ငန်း လုပ်ဆောင်ရန် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပေးသွင်းရန် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေးများ ကိုလည်းမှန်ကန်တိကျစွာဖြင့်ပေးသွင်းပြီး ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်ကြေးနှင့်ပတ်သက် ၍ ကြွေးကျန်မရှိကြောင်းကိုလည်း တင်ပြအပ်ပါသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)သည် ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင် မြို့တွင်တည်ရှိပါသည်။ဟိုတယ်အကျယ်အဝန်းမှာဧရိယာ ၄၅.၉၈ဧကကျယ်ဝန်းပါသည်။ဟိုတယ်ဝန်း၏ အရှေ့ဘက်တွင် အများသုံးကားလမ်းနှင့်တောရိုင်းမြေ၊ အနောက် ဘက်တွင် ပင်လယ်ကမ်းခြေ၊ တောင်ဘက်တွင် ဘုးကွဲချောင်းနှင့် မြောက်ဘက်တွင် ကမ်းခြေဆင်းလူသွားလမ်းနှင့် ACE Hotel တို့တည်ရှိပါသည်။

လိုက်နာဆောင်ရွက်မည့်ဥပဒေ၊ နည်းဥပဒေများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကိုလည်း လိုက်နာ ဆောင်ရွက်သွားပါမည်။ ၎င်းအပြင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ မြန်မာနိုင်ငံအာမခံလုပ်ငန်းဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်း ဥပဒေ(၂၀၁၃)၊ အလုပ်သမားလျော်ကြေးငွေအပ်ဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ကမ်းခြေတည်းခိုအမိန့်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ဧရာဝတီတိုင်းဒေသကြီးမှပြဋ္ဌာန်း ထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့် ဟိုတယ်လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များကိုလည်း တိကျစွာလိုက်နာ ဆောင်ရွက်သွားပါမည်။

ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် မြေထုညစ်ညမ်းမှုအား သိသာစွာ ထိခိုက်မှု မရှိနိုင်ပါ။ ဟိုတယ်ဝန်းအတွင်း အသုံးပြုသည့်ယာဉ်များနှင့် ဧည့်သည်များမှယူဆောင်လာသည့် မော်တော်ယာဉ်များ မောင်းနှင်မှုကြောင့်မြေလွှာထိခိုက်မှုရှိနိုင်ပါသည်။ ဟိုတယ်ဝင်း သာယာလှပရေးအတွက် သစ်ပင်ပန်းမန်များ သီးပင်စားပင်များစိုက်ပျိုးရန်အတွက် မြေပြုပြင်မှုဆောင်ရွက်ခြင်းကြောင့်လည်း မြေလွှာထိခိုက်နိုင်ပါသည်။ မြေလွှာထိခိုက်မှုတွင် မြေလွှာပျက်စီးခြင်း၊ မြေလွှာတိုက်စားခံရခြင်း၊ မြေဆီလွှာများဆုံးရှုံးခြင်းနှင့် ရေစီးတွင်ပါသွားခြင်းတို့ပါဝင်ပါသည်။ မြေလွှာပျက်စီးခြင်းကို လျော့နည်းစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများမှာ မြေတူးခြင်း၊ မြေပြုပြင်ခြင်းမှ ထွက်ရှိလာသည့် မြေစာများကို မြေနိမ့်များတွင်ဖို့ခြင်း ဖြည့်ဆည်းခြင်း၊ ဖြစ်နိုင်ပါကမော်တော်ယာဉ်များ ဝင်ထွက်သွားလာရာတွင် အတိုဆုံးလမ်းကြောင်းများ ဖော်ထုတ်ပေးခြင်း၊ ထိခိုက်မှုရှိနိုင်သည့် ဧရိယာအတွင်းအန္တရာယ်ကင်းစွာ လုပ်ကိုင်နိုင်ရေးအတွက် အစီအမံပြုလုပ်ထားခြင်းဖြင့် မြေဆီလွှာထိခိုက်မှု လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

ဟိုတယ်စားဖိုဆောင်နှင့်ဝန်ထမ်းအိမ်ရာများမှထွက်ရှိသည့် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်း များ၊ အစားအစာအကြွင်းအကျန်များ၊ မသန့်ရှင်းသည့် ရေဆိုးရေညစ်များ၊ မိလ္လာအညစ် အကြေးများ၊

လူ့အသုံးအဆောင်စွန့်ပစ်ပစ္စည်းများ၊ ပန်းဥယျာဉ်များမှထွက်ရှိသည့်သစ်ရွက် အဟောင်းအဆွေးများ၊ သစ်ကိုင်းကျိုးများကြောင့်လည်း မြေညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ပါသည်။ ဟိုတယ်စားဖိုဆောင်မှထွက်ရှိသည့် အစားအစာအကြွင်းအကျန်များအား မြေဩဇာပြန်လည်ရရှိနိုင်ရေးအတွက် ဟိုတယ်ဝန်းအတွင်း မြေကျင်း တူး၍ စွန့်ပစ်ပါသည်။ မြေဩဇာအဖြစ်ရရှိသည့်အခါ ဟိုတယ်ဝန်းအတွင်းရှိပန်းများ၊ သစ်ပင်များ အတွက်အသုံးပြုပါသည်။ မီးဖိုချောင်မှထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားစည်ပင်သာယာရေး ကော်မတီ နှင့်စွန့်ပစ်ရေးကိစ္စညှိနှိုင်း၍ စွန့်ပစ်သွားပါမည်။ ဟိုတယ်ဝန်းအတွင်းစိမ်းလန်း စိုပြေရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ပိုမိုကောင်းမွန်စေရန် အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဟိုတယ်အတွင်း လျှပ်စစ်စွမ်းအင်ရရှိနိုင်ရေးအတွက် အသုံးပြုလျှက်ရှိသည့် မီးစက်များ၊ အသုံးပြုခြင်းမှ အညစ်အကြေးအမှုန်အမွှားများဖြစ်သည့် $PM_{10}$ နှင့် $PM_{2.5}$ ၊ နိုင်ထရိုဂျင် အောက်ဆိုဒ် (No) နှင့် ကာဗွန်မိုနောက်ဆိုဒ်(C0) ဓါတ်ငွေ့များ ထွက်ရှိနိုင်မည်ဖြစ်၍ လေထုကိုယာယီအားဖြင့်သာ ညစ်ညမ်းစေနိုင်မည်ဖြစ်ပါသည်။

ဟိုတယ်ဝန်းအတွင်း လေထုညစ်ညမ်းမှုမရှိသလောက်နည်းပါးပါသည်။ ဟိုတယ်စားဖို ဆောင်မှ ထွက်ရှိမည့် ညှော်နံ့နှင့် အခိုးအငွေ့များအား အဆင့်မြင့်နည်းပညာများဖြင့် လေထုညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်ပါမည်။ ညှော်နံ့နှင့်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်ကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။ လေထုညစ်ညမ်းမှုရှိမရှိကိုလည်း တိုင်းတာစစ်ဆေး၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဌာနမှထုတ်ပြန်ထားသည့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွင်ပါဝင်သည့် စံချိန်စံညွှန်းများအတိုင်းရောက်ရှိအောင်လိုက်နာဆောင်ရွက် သွားပါမည်။

ဟိုတယ်ဝန်းအတွင်း အသုံးပြုသည့်ရေသုံးစွဲမှုနှင့်ပတ်သက်၍ လိုအပ်သလောက်သာ ချင့်ချိန် သုံးစွဲခြင်းဖြင့်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့နည်းစေရေး ဆောင်ရွက်သွားပါမည်။ ပုသိမ်မြို့နယ်တွင် ရေရရှိမှု လွယ်ကူသော်လည်း ရေကိုစနစ်တကျသုံးစွဲမှုပြုလုပ်နိုင်ရန် အလုပ်သမားများ ရေကို ထိန်းထိန်း သိမ်းသိမ်း သုံးစွဲရေး တိုက်တွန်းခြင်း၊ ဖြစ်နိုင်ပါက သုံးစွဲပြီးရေကို အခြားနေရာ (ဥပမာ– လမ်း) အားရေဆေးခြင်း၊ ဖုန်မထရန်ရေဖြန်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းကိစ္စများအတွက် ပြန်လည်အသုံးပြု စေခြင်းဖြင့် ရေသုံးစွဲမှု လျှော့နည်းစေပြီး အသုံးပြုမှုပိုမိုထိရောက်စေမည်ဖြစ်ပါသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) ဝန်းအတွင်း အသံဆူညံမှုမရှိပါ။ လာရောက်တည်းခိုသည့် ဧည့်သည်များမှပါရှိလာသည့် မော်တော်ယာဉ်များကိုလည်း အသံဆူညံမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားပါမည်။ လျှပ်စစ်စွမ်းအင်ရရှိရန်အတွက် အသုံးပြုသည့် မီးစက်များကိုလည်း အသံဆူညံမှုမရှိစေရန်အတွက် အမျိုးအစား ကောင်းမွန်သည့်မီးစက်များကိုသုံးစွဲထားပါသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)၏ စားဖိုဆောင်မှုထွက်ရှိလာမည့် ညှော်နံ့ များမှာ ခေါင်းတိုင်မှထုတ်လွှတ်သည့်အနံ့ဖြစ်၍ အဆိုပါအနံ့များအားထိန်းချုပ်နိုင်ရန် ခေါင်းတိုင်တွင်သမာရိုးကျ ထုတ်လွှတ်မှုထိန်းချုပ်ရေးကိရိယာ(Conventional Emission Control Equipment) သုံး၍ ထိန်းချုပ်သွားမည်ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းထွက်ရှိမှု တို့အားမှတ်တမ်းပြုစုထားပြီး ဟိုတယ်မှလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုမ္ပဏီနှင့် စောင့်ကြည့်ထိန်းသိမ်းရေးထံသို့ လစဉ်အစီရင်ခံစာတင်ပြသွားမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်မှ ထွက်ရှိသည့်စွန့်ပစ် ပစ္စည်းများကို ချောမွေ့စွာစွန့်ပစ်နိုင်ရေး ကြီးကြပ်ခြင်း၊ အမှိုက်သယ်ယာဉ်များ အမှိုက်များ အပြည့်အမောက်တင်ဆောင်သွားခြင်းကို ခွင့်မပြုခြင်း၊ ပစ္စည်းများအလွန်အကျွံ ပိုမိုဝယ်ယူခြင်းကို ကန့်သတ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အရေအတွက်လျော့နည်းစေခြင်း၊ ပြန်လည်သုံးစွဲနိုင်သည့် ပစ္စည်းများကို အများဆုံးအသုံးပြုစေခြင်း၊ စွန့်ပစ်ပစ္စည်းများ ရောနှောစွန့်ပစ်ခြင်းကိုတားမြစ်၍ ပြန်လည်သုံးစွဲနိုင်သည့်စွန့်ပစ်ပစ္စည်း၊ ပြန်လည်သုံးစွဲရန် ဆင့်တက်ပြုပြင်နိုင်သည့် စွန့်ပစ်ပစ္စည်း၊ လုံးဝစွန့်ပစ်ရမည့်စွန့်ပစ်ပစ္စည်းစသည်ဖြင့် ခွဲခြားစွန့်ပစ်စေခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)တွင် လာရောက်တည်းခိုသည့် ဧည့်သည်များ၏ ကျန်းမာရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်လျှင် အရေးပေါ်အသုံးပြုနိုင်ရန် ရှေးဦးသူနာပြုဆိုင်ရာ ဆေးပစ္စည်းများထားရှိသွားပါမည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် သင့်လျော်သော အားကစားနည်းများနှင့် အထောက်အကူပြုပစ္စည်းများ ထားရှိထားပါသည်။ ဟိုတယ်အတွင်းရှိ စားဖိုဆောင်မှ ချက်ပြုတ်ပြီးအစားအစာ ကြောင့်ဘေးဥပဒ်မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်သွားပါမည်။ ဝန်ထမ်းများ ကျန်းမာရေး အတွက် (၃) လတကြိမ် ပုံမှန်ဆေးစစ်ပေးခြင်း၊ ရောဂါတားဆီးမှုအစီအမံများ ပြုလုပ်ဆောင်ရွက်ပေးပါသည်။ စားဖိုဆောင်မှ စီစဉ်ထုတ်လုပ်သည့်အစားအစာနှင့် အဖျော်ယမကာများကြောင့် တည်းခိုသူများနှင့် ဝန်ထမ်းများကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် အလေးထားဆောင်ရွက်သွားပါမည်။

အဆိုပြုတင်ပြထားသော လုပ်ငန်း၏ ကုမ္ပဏီ အမြတ်ငွေထဲမှ (၂%)အား CSR အတွက် ထည့်သွင်းသုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာအတွင်း အကျိုးပြုလုပ်ငန်း ရပ်များအတွက်လိုအပ်ချက်များရှိလာပါကလည်း ကျေးရွာ အုပ်ချုပ် ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမည်။

အရေးပေါ်အခြေအနေတွင် ထိခိုက်ပျက်စီးမှုနှင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက် သွားစေပါမည်။ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်သည် အချိန်မရွေးပေါ်ပေါက်နိုင်သဖြင့် အန္တရာယ်ကာကွယ်ရေးကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။ တည်းခိုသူဧည့်သည်များနှင့် ဝန်ထမ်းများအရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပြီးလိုအပ်သော ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ၊ ကိရိယာ တန်ဆာ ပလာများ၊ ဆေးဝါးများကြိုတင်စုဆောင်း ပြင်ဆင်ထားမည်ဖြစ်ပါသည်။ လိုအပ်ပါက အသုံးပြုနိုင်ရန် ယာဉ် ယန္တရားများ အသင့်ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာတွင်ရှိသော ဝန်ထမ်းများအားလုံးတွင်တာဝန်ရှိပါသည်။ အဓိကတာဝန်ရှိသူများမှာ စီမံကိန်း အဆိုပြုသူ ( Know The Truth Co.Ltd )၊ မန်နေဂျာ၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေး တာဝန်ခံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒေသဆိုင်ရာအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့်ပတ်ဝန်းကျင် ဆိုင်ရာအဖွဲ့အစည်းများသည် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန်တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်စောင့်ကြပ် ကြည့်ရှုမည့် အစီအစဉ်၏ ခန့်မှန်းကုန်ကျစရိတ်ကို ဇယားဖြင့်ဖော်ပြထားပါသည်။ ယင်းအဖွဲ့အနေဖြင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအားစဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်း၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်ရေး၊လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ကျန်းမာပျော်ရွှင်စေရေးတို့ကိုဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်နှင့် ဆက်စပ်နေသော ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) ဟိုတယ်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု အပိုင်းနှင့်ပတ်သက်၍ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင် စာချုပ်ပါစည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်ပါလုပ်ငန်းများကိုလည်း တိကျစွာ

လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အားစိုက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းကြောင့် ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကိုလည်း မဖြစ်ပေါ်စေရန် အလေးထားဂရုစိုက် ဆောင်ရွက်သွားပါမည်။ ဟိုတယ်လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးမှုများနှင့် ကြုံတွေ့ပါက စံချိန်စံညွှန်းများနှင့်အညီ ရောက်ရှိစေနိုင်ရေးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများ ထိခိုက်ပျက်စီးမှုမရှိစေရန်၊ ဟိုတယ်လုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြုစေရန်၊ ဟိုတယ်လုပ်ငန်းဆိုင်ရာအတတ်ပညာရပ်များကို တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးပွားလာစေရန် အလေးထားဆောင်ရွက် သွားပါမည်။ ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာ အဆင့်မှီဟိုတယ်များကိုဆောက်လုပ်ရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမိုတွင်ကျယ်လျှက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော ယဉ်ကျေးမှုနှင့်သဘာဝအရင်းအမြစ်များ မိမိတို့နိုင်ငံ၏ တုနှိုင်းမမှီသော သဘာဝဂေဟစနစ်နှင့် တိုင်းရင်းသာမျိုးနွယ်စုများအပေါ်၌ မြတ်နိုးတန်ဖိုးထားတတ်မှုများကို ကမ္ဘာတစ်ဝှမ်းမှ တွေ့မြင်သိရှိနိုင်ရန်မှာယနေ့ခေတ်အချိန်အခါ၌ လွန်စွာအရေးကြီးသောကိစ္စရပ်တခုဖြစ်ပါသည်။ အဆိုပါကိစ္စရပ်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားများ သက်တောင့် သက်သာ အနားယူအပန်းဖြေနိုင်ရန်အတွက် နားခိုရာနေရာဖြစ်သည့် အဆင့်မြင့်နိုင်ငံတကာ အဆင့်မှီ ဟိုတယ်များ လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအား ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအနှံ့တွင် အဆင့်မြင့်ဟိုတယ်များ ဆောက်လုပ်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအားမြှင့်တင်ရာရောက်သကဲ့သို့ကမ္ဘာနိုင်ငံများမှလည်း မြန်မာနိုင်ငံအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်၍ခရီးသည်များ၏လုံခြုံမှုနှင့်စိတ်ကျေနပ်မှုပေးစွမ်းနိုင်သောတိုင်းပြည်တခု အဖြစ်သိရှိနိုင်မည်ဖြစ်ပါသည်။ နိုးသည်ထရှသ်ဂရု(ပ်)ကုမ္ပဏီလီမိတက်မှာလည်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ ကျောက်ကြီးကွင်း၊ကွင်းအမှတ်–၁၉၈၅(ပြင်)၊ အမှတ်(၃) ရပ်ကွက်၊ပုန်းညက်လမ်းတွင်မြေဧရိယာ(၄၅.၉၈)ဧကပေါ်တွင် ငွေဆောင်ကမ်းခြေဟိုတယ်(CentralHotel) အမည်ဖြင့် ၇.၇.၂၀၁၇ ရက်နေ့မှ ၆.၇.၂၀၁၉ ရက်နေ့အထိ (၂)နှစ်အား ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနမှ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အား လိုင်စင်အမှတ် ဟ–၀၄၅၉ (သက်တမ်းတိုး) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ လာရောက်တည်းခိုသည့်ခရီးသွားများအား စိတ်ကျေနပ်မှုပေးစွမ်းနိုင်ရန်နှင့် ဟိုတယ်လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေနိုင်ရန်အတွက် ရည်ရွယ်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ( Environmental Management Plan - EMP ) အား ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခြင်းဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများကို ခရီးသည်များလေ့လာနိုင်စေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေတောတောင်သဘာဝအလှများထိခိုက်ပျက်စီးမှုမရှိစေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကိုအကြောင်းပြု၍ နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြုစေရန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအတတ်ပညာရပ်များကို တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးပွားလာစေရန်၊ ခရီးသည်များ၏ လုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရန် တို့အားရည်ရွယ်ပါသည်။

## ၃။ အဆိုပြုလုပ်ငန်း၏ပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက်

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့တွင် မြို့နယ်ပေါင်း (၇) မြို့နယ်ပါဝင်ပါသည်။ ၂၀၁၇ ခုနှစ် သန်းခေါင်စာရင်းအရ မြို့နေလူဦးရေ ၂.၈၇ သိန်း နေထိုင်လျက်ရှိပြီး မြို့ကြီးထွားနှုန်းလျှင်မြန်စွာဖြစ်ပေါ်နေပါသည်။ ရာသီဥတုမှာ ပင်လယ်နှင့်နီးသောဒေသဖြစ်၍ မိုးများပြီး စွတ်စိုသောရာသီဥတုရှိပါသည်။

ယခုစီမံကိန်းဧရိယာမြေအမျိုးအစားသည် မြစ်ကမ်းနှင့်နီးသောဒေသများတွင် တွေ့ရလေ့ရှိသည့် Meadow Soilအမျိုးအစားမြေဖြစ်ပါသည်။ မြေဧရိယာများပေါ်တွင်အဆောက်အဦများတည်ဆောက်ခြင်းအားဖြင့်မြေလွှာအပေါ်ဆိုးကျိုး၊ ကောင်းကျိုးသက်ရောက်မှုရှိနိုင်ပါသည်။ သောက်သုံးရေနှင့်ပတ်သက်၍လည်း မြေအောက်ရေအား အလွယ်တကူရရှိနိုင်သည့်အနေအထားဖြစ်ပါသည်။

## ၄။ လူမှုစီးပွားအခြေအနေ

ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးဆောင်ရွက်မှုများအနေဖြင့် မြေဆီသြဇာကြွယ်ဝသောမြေနုကျွန်းပေါ်ဒေသဖြစ်၍ စပါး၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံတို့အား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံ၏ စပါးအထွက်အကောင်းဆုံးတိုင်းတခုဖြစ်ပါသည်။ အုန်းသီး၊ ငှက်ပျောသီး အထွက်နှုန်းလည်းအလွန်ကောင်းပါသည်။

ကျွန်းနှင့် သစ်မာထုတ်လုပ်မှု အတော်အသင့်ရှိ၍ သစ်နှင့် မီးသွေးထုတ်လုပ်နိုင်သည့် လမု၊ ကနစို အစရှိသော ဒီရေတောများလည်းရှိပါသည်။ အခြားနာမည်ကြီးသောအဓိက စီးပွားရေးလုပ်ငန်းတမျိုး မှာ ရေထွက်ပစ္စည်းလုပ်ငန်းဖြစ်ပါသည်။ မြစ်ချောင်းအင်းအိုင်အများအပြားရှိ၍ သား၊ ငါး၊ ပုဇွန် ပေါပေါများများ ထွက်ရှိသဖြင့် ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်လုပ်ငန်းများလည်း အကြီးအကျယ် လုပ်ကိုင်ကြပါသည်။ ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပါသည်။ ပုသိမ်မြို့တွင် မုန့်စက်ရုံလုပ်ငန်းတည်းဆောက်ထားရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း ဒေသခံများအတွက် အဆင်ပြေလျက်ရှိပါသည်။ ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသများရှိသဖြင့် နိုင်ငံခြားသားဧည့်သည် များပါစိတ်ဝင်စားမှုရှိသည့်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာလည်း ဖွံ့ဖြိုးမှုအများဆုံးနေရာတခု ဖြစ်ပါသည်။

## ၅။ ဟိုတယ်နှင့်ပတ်သက်သည့်အကြောင်းအရာ

### ၅-၁။ ပိုင်ရှင်နှင့် ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိထားမှု

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)၊ အမှတ်(၃)ရပ်ကွက်၊ ပုန်းညက်လမ်းတွင် ဖွင့်လှစ်ထားရှိသည့် ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) အား မြန်မာနိုင်ငံသားလုပ်ငန်းရှင် ဒုဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) (နဝဒေဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလီမိတက် အဖွဲ့အစည်း မှတ်ပုံတင် အမှတ် ၁၁/၁၉၉၂-၁၉၉၃) မှ လုပ်ငန်းပိုင်ရှင်အဖြစ် တာဝန်ယူဆောင်ရွက် ပါသည်။ ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များအနေဖြင့် ကုမ္ပဏီအား တိုက်(၁၁၂)၊ အမှတ် (၁၀/၁၁/၁၂)၊ပထမထပ်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားရှိပြီး ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များမှာ ၀၁-၆၅၂၁၁၆၊ ၀၁-၆၅၁၇၈၆တို့ဖြစ်ပါသည်။ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ရာထူးအား ဦးတင်ထွန်းသက် (၁၂/ကမရ(နိုင်)၀၂၈၄၉၃)မှတာဝန်ယူဆောင်ရွက်ပြီးဒါရိုက်တာများမှာ ဦးကျော်သူရသက် (၁၂/ကမရ(နိုင်)၀၅၁၁၆၈)၊ ဒေါ်မွန် (၁၂/ကမတ(နိုင်)၀၄၃၇၈၀)နှင့် ဦးထွန်းလွင်(၁၂/သဃက(နိုင်)၀၄၇၁၈၈)တို့ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းနှင့်ပတ်သက် ၍ ကုမ္ပဏီဒါရိုက်တာဖြစ်သူ ဦးသိန်းထွန်းသက်မှ တာဝန်ယူဆောင်ရွက်ပြီး ဆက်သွယ်

ရမည့် တယ်လီဖုန်းအမှတ်မှာ ၀၉-၅၄၀၉၀၉၅ ဖြစ်ပါသည်။ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ၇.၇.၂၀၁၇ ရက်နေ့တွင် လိုင်စင်အမှတ် ဟ-၀၄၅၉ (သက်တမ်းတိုး) ဖြင့် ၇.၇.၂၀၁၇ရက်နေ့မှ ၆.၇.၂၀၁၉ရက်နေ့အထိ ၂ နှစ်အား ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း လုပ်ဆောင်ရန် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပေးသွင်းရန် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေးများကိုလည်းမှန်ကန်တိကျစွာဖြင့်ပေးသွင်းပြီးဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်ကြေးနှင့်ပတ်သက်၍ ကြွေးကျန်မရှိကြောင်းကိုလည်း တင်ပြအပ်ပါသည်။

## ၅-၂။ တည်နေရာနှင့်အဆောက်အအုံ

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)သည် ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့တွင်တည်ရှိပါသည်။ ဟိုတယ်အကျယ်အဝန်းမှာဧရိယာ ၄၅.၉၈ ဧက ကျယ်ဝန်းပါသည်။ ဟိုတယ်ဝန်း၏အရှေ့ဘက်တွင် အများသုံးကားလမ်းနှင့်တောရိုင်းမြေ၊ အနောက်ဘက်တွင် ပင်လယ်ကမ်းခြေ၊ တောင်ဘက်တွင် ဘူးကွဲချောင်းနှင့် မြောက်ဘက်တွင် ကမ်းခြေဆင်းလူသွားလမ်းနှင့် ACE Hotel တို့တည်ရှိပါသည်။ ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)သည်ဟိုတယ်လုပ်ငန်း၏ လုပ်ငန်းသဘာဝနှင့် သင့်တင်လျောက်ပတ်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဈေး၊ ကျောင်း၊ ဘာသာရေးအဆောက်အဦတို့နှင့် လွတ်ကင်းသည့်နေရာတွင် ဖွင့်လှစ်ထားရှိပါသည်။ ဟိုတယ်ဧရိယာအတွင်းအဆောက်အဦများနေရာချထားမှုအနေဖြင့် Main Lobby (၁)ဆောင်၊ Meeting Room (၁)ခန်း၊ Dinning & Kitchen (၁)ဆောင်၊ Confrence Room (၁)ဆောင်၊ Club House (၁)ဆောင်၊ Mini Golf Course (3) Holes၊ Presedential Suite (၁)ဆောင် (၁)ခန်း၊ Royal Deluxe (၁၁)ဆောင် (၂၂)ခန်း၊ Ohntaw (၁၀)ဆောင် (၁၀)ခန်း၊ Deluxe (၂)ထပ်ဆောင်(၂)ဆောင်(၂၈)ခန်း၊ Superior (၄)ဆောင် (၈)ခန်း၊ Laundry (၁)ဆောင်၊ M&E ရုံးခန်း (၁)ခန်း၊ Generator (၁)ဆောင်၊ Managers House (၁)ဆောင် (၆)ခန်း၊ Family Quarter (၁)ဆောင် (၁၀)ခန်း၊ Staff Quarter (၁)ဆောင် (၁၂)ခန်း၊ Main Store (၁)ဆောင်၊ Mess (၁)ဆောင်၊ House Keeping

Sub Store (၂)ခန်း၊ စုစုပေါင်း အခန်း(၉၆)ခန်း တို့အားဆောက်လုပ်ထားပါသည်။ အဆောက်အဦတည်ဆောက်ထားမှုနှင့်ပတ်သက်၍ Main Lobbyအား ခိုင်ခံသော ကျွန်းသစ်လုံးများဖြင့် ဆောက်လုပ်ထားပြီး သွပ်၊ သက်ကယ်မိုးတို့ဖြင့် သေသပ်လှပစွာ မိုးထားပါသည်။ ဟိုတယ်တွင် လာရောက်တည်းခိုနေထိုင်ကြသော ကုမ္ပဏီများ၊ အစိုးရ ဘက်ဆိုင်ရာဌာနများနှင့် အခြားသောအဖွဲ့အစည်းအမျိုးမျိုးတို့မှ ငှားရမ်းအသုံးပြုနိုင်ရန် အတွက် Meeting Room ကိုလည်းသပ်ရပ်စွာ စီစဉ်ထားပါသည်။ သန့်ရှင်းလတ်ဆတ် သော စားသောက်ကုန်ပစ္စည်းများကိုအသုံးပြု၍ လာရောက်တည်းခိုသောပြည်တွင်းပြည်ပ ဧည့်သည်တော်များအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအသောက်များ စီစဉ်ပေး၍ သာယာလှပသော ငွေဆောင်ကမ်းခြေအလှကို ကြည့်ရှုရင်းတည်းခိုသူများ စိတ်ကျေနပ်မှု ရရှိအောင် Dinning & Kitchen မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ အစိုးရအဖွဲ့အစည်း များ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးများမှ Seminar ပြုလုပ်ရန်အတွက်ငှားရမ်းအသုံးပြုနိုင်ရန် Confrence Room ကိုလည်း အထက်တန်းကျစွာဖြင့် အမြင်တင့်တယ်ရန်အတွက် ကျွန်းသစ်ဖြင့်ဆောက်လုပ်ထား ပါသည်။ Mini Golf Course တွင်ဂျပန်မြက်များ စိုက်ပျိုးထားပြီးကျင်းတို(၃)ကျင်းဖြင့် အသုံးပြု ကစားနိုင်ရန် စီစဉ်ထားပါသည်။ ယခုအခါ ကျင်းလတ်(၁)ကျင်းနှင့်ကျင်းတို(၁) ကျင်းတို့ ထပ်မံတိုးချဲ့လျက်ရှိပါသည်။ Presedential Suiteအား ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားပြီး မိသားစုများတစ်စုတစ်ဝေးတည်း တည်းခိုနေထိုင်ရန် စီစဉ်ထားရှိ ပါသည်။ အဆိုပါအဆောင်တွင် အိပ်ခန်းများစွာနှင့် သီးသန့်ရေကူးကန်လည်းပါရှိ ပါသည်။ မီးဖိုခန်း သီးသန့်ပါရှိသဖြင့် လာရောက်တည်းခိုသည့်မိသားစုများကိုယ်တိုင် ချက်ပြုတ်စားသောက်နိုင်မည်ဖြစ်ပါသည်။ Royal Deluxe အား ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားပြီး သွပ်/သက်ကယ်မိုးတိုဖြင့် တည်ဆောက်ထားပါသည်။ Royal Deluxe (၁၁)ဆောင်ရှိပြီး အခန်း(၂၂)ခန်းပါရှိ၍ ပင်လယ်ပြင်သို့မျက်နှာမူထားပါသည်။ Ohntaw အဆောင်(၁၀)ဆောင်ရှိပြီး အခန်း(၁၀)ခန်းပါရှိ၍ အုတ်နှင့်ဆောက်လုပ်ထား ပြီး သွပ်မိုးအဆောက်အဦဖြစ်ပါသည်။ Deluxe(၂)ထပ်ဆောင်(၂)ဆောင်ဖြစ်ပြီး အခန်း (၂၈)ခန်းပါရှိပြီး အုတ်နှင့်ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အဦဖြစ်ပါသည်။ Superior အဆောင်(၄)ဆောင်ဆောက်လုပ်ထားပြီး အခန်း(၈)ခန်းပါဝင်ပြီး အုတ်နှင့် ဆောက်လုပ်ထားပါသည်။ Laundry, Generator House and M&E တို့ကို အုပ်ခံ

သွပ်မိုးဆောက်လုပ်ထားပါသည်။ Manager House အားသစ်သားနှင့် ဆောက်လုပ်ထားပြီး သွပ်မိုးထားပြီး ဟိုတယ် General Manager နှင့် သက်ဆိုင်ရာ Manager များ နေထိုင်ရန်အတွက် အသုံးပြုပါသည်။ ဟိုတယ်ဝန်ထမ်း များနှင့် မိသားစုများနေထိုင်ရန်အတွက် Family Quarter ကို သစ်သားနှင့်ဆောက်လုပ်ထားပြီး သွပ်မိုးထားရှိ၍ အသုံးပြုနိုင်ရန်စီစဉ်ထားပါသည်။ Staff Quarter အားအုတ်ညှပ် အင်္ဂတေဖြင့် ဆောက်လုပ်၍သွပ်မိုးပြီး ဟိုတယ်ဝန်ထမ်းများ (ကျား/မ) သီးသန့်နေထိုင်ရန်အတွက် ဆောက်လုပ်ထားပါသည်။ Main Store ကိုအုတ်ခံဆောက်လုပ်၍ သွပ်မိုးထားပါသည်။ Mess ကိုသစ်သားနှင့်ဆောက်လုပ်ထားပြီးသွပ်မိုး၍ ဟိုတယ်ဝန်ထမ်းများ ချက်ပြုတ်ဆောင်နှင့် စားသောက်ဆောင်အတွက် အသုံးပြုပါသည်။ House Keeping Sub Store ကို အုတ်နှင့်သွပ်မိုး၍ဆောက်လုပ်ထားပါသည်။ အဆောက်အဦတိုင်းတွင်အလင်းရောင်နှင့် လေဝင်လေထွက်လုံလောက်ကောင်းမွန်ခြင်း၊ ဒေသရာသီဥတုနှင့်သင့်လျော်မည့် ပန်ကာ၊ လေအေးပေးစက်၊ အပူပေးစက်နှင့် စောင် အစရှိသည်တို့အား စီစဉ်ထားရှိပေးခြင်း၊ အဆောက်အဦအတွင်းထားရှိသော ပရိဘောဂပစ္စည်းများနှင့် စက်ကရိယာများသည် ကျန်းမာရေးနှင့်ညီညွတ်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး အဓိကထား ဆောင်ရွက်ထားရှိပါသည်။

## ၅–၃။ ဧည့်ခန်းနှင့်ဧည့်ကြိုကောင်တာ

ဟိုတယ်လုပ်ငန်းအတွက် အနည်းဆုံးလိုအပ်သည့် ဧည့်ခန်းနှင့် ဧည့်ကြိုကောင်တာတွင် ဧည့်သည်များ မှတ်ပုံတင်ရန်အတွက် အဆင့်မီဧည့်ကြိုကောင်တာထားရှိ၍ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားဧည့်သည်များကို ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံနိုင်မည့် ကျွမ်းကျင်ဧည့်ကြိုဝန်ထမ်းများ ခန့်အပ်ထားရှိပါသည်။ လာရောက်တည်းခိုသည့် ဧည့်သည်များအား ကူညီရန် ဧည့်ကူ သို့မဟုတ် အကူဝန်ထမ်း (Concierge Desk( Bell Boy) များ ခန့်အပ်ထားရှိ၍ဆောင်ရွက်သွားပါမည်။ တည်းခိုနိုင်မည့် ဧည့်သည်ဦးရေနှင့် လိုက်လျောညီညွတ်သောဧည့်ခန်းဖွဲ့စည်းထားရှိပြီးသန့်ရှင်းကျန်းမာရေးနှင့် ညီညွတ်မည့် အများသုံးသန့်စင်ခန်းကိုလည်းထည့်သွင်းထားရှိပါမည်။ ဝန်ဆောင်မှုများအနေဖြင့်ကားငှားရမ်းပေးခြင်း၊ ကားလက်မှတ်နှင့်လေယာဉ်လက်မှတ်များ မှာယူပေး

ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများသို့ ဆက်သွယ်နိုင်ရန် တယ်လီဖုန်းစာအုပ် များထားရှိပေးခြင်း၊ ပတ်ဝန်းကျင်ဒေသရှိ လှည့်လည်ကြည့်ရှုလေ့လာနိုင်သောနေရာများ၊ ဟိုတယ်ရှိရာဒေသမှအခြားဒေသများသို့သွားလာနိုင်သည့်လမ်းကြောင်းများနှင့် သွားလာနိုင်သည့်နည်းလမ်းများစသည့်သတင်းအချက်အလက်များပါဝင်သော လမ်းညွှန်စာအုပ် ထားရှိပေးခြင်း၊ အဝတ်လျှော်ရန် (Laundry Service) စီစဉ်ထားရှိပြီး ဧည့်သည်များအသုံးပြုနိုင်ရန် မီးပူနှင့်မီးပူတိုက်ခုံများထားရှိခြင်း၊ အိပ်ခန်းတွင်းသို့ အစားအစာမှာယူခြင်းနှင့် အခြားလိုအပ်သည်များအတွက်ဆောင်ရွက်ပေးသောအခန်းတွင်း ဝန်ဆောင်မှု (Room Service) ထားရှိပေးခြင်း စသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ E-mail၊ Internet နှင့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးစနစ်ထားရှိခြင်း၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများနှင့် သင့်လျော်သောအားကစားနည်းများနှင့် အထောက်အကူပြုပစ္စည်းများထားရှိပေးခြင်းတို့ ဆောင်ရွက်ပေးပါသည်။

## ၅-၄။ အိပ်ခန်းဖွဲ့စည်းထားရှိမှု

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) တွင် တည်းခိုနိုင်မည့် အခန်းအရေအတွက် ၉၆ ခန်း ရှိပါသည်။ တယောက်အိပ်ခန်း၊ နှစ်ယောက်အိပ်ခန်း၊ မိသားစုအိပ်ခန်းဟူ၍ အမျိုးအစားခွဲခြား၍ အဆင်ပြေစွာတည်းခိုနိုင်ရေးဆောင်ရွက်ထားပါသည်။ အိပ်ခန်းတိုင်းတွင် အလင်းရောင် နှင့်လေဝင်လေထွက်လုံလောက်ကောင်းမွန်ခြင်း၊ သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရှိခြင်း၊ ခြင်၊ ယင်အစရှိသော အင်းဆက်ပိုးမွှားများ ကင်းရှင်းစေရန်ဆောင်ရွက်ထားရှိခြင်း၊ ဒေသရာသီဥတုနှင့်လျှော်ညီမှုရှိစေမည့် ပန်ကာ၊ လေအေးပေးစက်၊ အပူပေးစက်၊ စောင် စသည်တို့ကို စီစဉ်ထားရှိခြင်း၊ ရေခဲသေတ္တာ၊ မီနီဘား၊ အဝတ်လှန်းစင်၊ စာကြည့်စားပွဲနှင့် အခြားပရိဘောဂများထားရှိခြင်း၊ အတွင်းအပြင်သော့ခတ်နိုင်သည့် ဝင်ထွက်တံခါးမ တစ်ခုထားရှိခြင်း၊ ဧည့်သည်များ အသုံးပြုရန်အတွက် လိုအပ်သည့် ခုတင်၊အိပ်ရာစသည့်အိပ်ခန်းသုံးပစ္စည်းများထားရှိခြင်း၊ စကြိန်လျှပ်စစ်မီးစီမံထားရှိခြင်း၊ ခန်းဆီးနှင့် ကန့်လန့်ကာများထားရှိခြင်း၊ ခုတင်အိပ်ယာတွင် သန့်ရှင်းစင်ကြယ်သော ခြင်ထောင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ စောင်၊ စောင်ကပ်လွှာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်နှင့် အိပ်ရာဖုံးများထားရှိခြင်း၊ အထည်အလိပ်များအား ကျန်းမာရေးနှင့်

ညီညွတ်၍ အမြဲတမ်းသန့်ရှင်းအောင်ထားရှိခြင်း၊ ဧည့်သည်များအသုံးပြုရန် အဆိုပါ ပစ္စည်းများကို အသစ်လဲလှယ်ပေးသည့် အစီအမံများစီစဉ်ထားရှိခြင်း၊ ဧည့်သည်မှ အလွယ်တကူဆက်သွယ်နိုင်ရန် စီစဉ်ထားရှိခြင်း၊ ဟိုတယ်မှရရှိနိုင်သော အစားအစာများ စာရင်း၊ မီနီဘားအတွင်းရှိ အဖျော်ယမကာနှင့် အစားအစာများ၏စာရင်းကို သင့်လျော်သော ကတ်ပြားသို့မဟုတ်စာအုပ်တို့ဖြင့်ဖော်ပြထားရှိခြင်း၊ အနီးပတ်ဝန်းကျင်ဒေသများ လှည့်လည်ကြည့်ရှု လေ့လာနိုင်သောနေရာများ၊ ဟိုတယ်မှ အခြားနေရာများသို့ သွားလာနိုင်သည့်လမ်းကြောင်းများနှင့်သွားလာနိုင်သည့် နည်းလမ်းများစသည့် သတင်းအချက်အလက်များ ပါဝင်သောလမ်းညွှန်စာအုပ် ( Guide Book) ထားရှိခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများသို့ ဆက်သွယ်နိုင်ရန် တယ်လီဖုန်းစာအုပ်ထားရှိခြင်း၊ အဝတ်လျှော်ရန် (Landry Service) စီစဉ်ထားရှိပြီး ဧည့်သည်အသုံးပြုနိုင်ရန် မီးပူနှင့် မီးပူတိုက်ခုံများကိုလည်းထားရှိခြင်း၊ အိပ်ခန်းတွင်းသို့ အစားအစာမှာယူခြင်းနှင့်အခြား လိုအပ်သည်များအတွက်ဆောင်ရွက်ပေးသော အခန်းတွင်းဝန်ဆောင်မှု (Room Service) ထားရှိခြင်း၊ ရေချိုးခန်းနှင့် အိမ်သာတွဲလျက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေချိုးခန်း၊ အိမ်သာနှင့် အများသုံး သန့်စင်ခန်းများတွင် အနောက်တိုင်း အိမ်သာ၊ လက်ဆေးခွက်၊ မှန်၊ ရေပန်းနှင့် ရေချိုးကန်များ ထည့်သွင်းဆောင်ရွက်ထားပေးခြင်း၊ ဆပ်ပြာ၊ အိမ်သာသုံးစက္ကူများထားရှိပေးခြင်း၊ ရေသန့်စနစ်နှင့် ရေပူရေအေးစနစ်များ တပ်ဆင်ပေးခြင်းတို့အား ဆောင်ရွက်ထားရှိပေးမည် ဖြစ်ပါသည်။

## ၅-၅။ ဟိုတယ်စားသောက်ဆိုင်နှင့် ဟိုတယ်စားသောက်ခန်းများ

ဧည့်သည်များစားသုံးရန် သန့်ရှင်းလတ်ဆတ်ပြီးကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာနှင့် အဖျော်ယမကာများ စီစဉ်ပေးခြင်း၊ စားသောက်ဆိုင်နှင့် စားသောက်ခန်းမတွင် ခြင်၊ယင်အစရှိသော အင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှ ကာကွယ်သည့်စနစ်များ ထားရှိပေးခြင်း၊ စားသောက်ခန်းသုံးပစ္စည်းများ၊ အထည်အလိပ်များထားရှိပြီး၊ အဆိုပါ ပစ္စည်းများအား သန့်ရှင်းစင်ကြယ်မှုရှိစေရန် အဓိကအလေးထားဆောင်ရွက်သွားပါမည်။

## ၅-၆။ စားဖိုဆောင်

စားဖိုဆောင်အား သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်မှု၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်မှုနှင့် အနံ့အသက်ဆိုး ကင်းရှင်းမှုရှိပြီး ခြင်၊ ယင် အစရှိသော အင်းဆက်ပိုးမွှားများ၏ အန္တရာယ်မှ ကာကွယ်မှုစသည့် အစီအမံများ ထားရှိခြင်း၊ စီစဉ်ထုတ်လုပ်သော အစားအစာနှင့် အဖျော်ယမကာသည် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ရန် ဆောင်ရွက်ပေးခြင်း၊ ချက်ပြုတ်ရေး ကိရိယာများ၊ အိုးခွက် အသုံးအဆောင် များ၊ စားသောက်ခန်းသုံးပစ္စည်း ကိရိယာများသည် ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းမှုရှိစေရန် ဆောင်ရွက်ထားရှိခြင်း၊ ရေပူရေအေးရရှိရန် အစီအမံများထားရှိခြင်း၊ ချက်ပြုတ်ရန်နေရာ အစားအစာ ဆေးကြောရန် နေရာနှင့်အိုးခွက် ပန်းကန်ဆေးကြောရန် နေရာတို့ကို စနစ်တကျခွဲခြားထားရှိခြင်း၊ စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် စီစဉ်ထားရှိခြင်း၊ စားဖိုဆောင်တွင် ကုန်ပစ္စည်းထားသိုခန်း၊ Deep Freezer စသည်တို့ကို လုံလောက်စွာ ထားရှိခြင်း၊ ချက်ပြုတ်ပြီး အစားအစာများကို ဘေးဥပဒ်မဖြစ်စေရန်နှင့် လတ်ဆတ်မှုရှိစေရန် warmer စသည်ဖြင့် ထိန်းသိမ်းထားသိုသော စနစ်တို့ဖြင့် ဆောင်ရွက်ထားရှိပါသည်။

## ၅-၇။ ဝန်ထမ်းရေးရာကိစ္စရပ်များ

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)တွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းခန့်ထားမှုအနေဖြင့် General Manager, Resident Manager, Front Office Manager, Food&Beverage Manager, Kitchen Executive Chef, Housekeeping Manager, Human Resource Manager နှင့် Senior Accountant အစရှိသည့် လုပ်ငန်းတာဝန်များအား တာဝန်ခံများ၏အဆင့်ဆင့်အုပ်ချုပ်မှုပုံစံဖြင့် ဝန်ထမ်းဦးရေ (၁၁၀)ဦးခန့်ကို ခန့်ထား၍ ဟိုတယ်လုပ်ငန်းကို လည်ပတ်လျှက်ရှိပါသည်။ လုပ်ငန်း လိုအပ်ချက်အရ အလုပ်ချိန် (၈) နာရီဖြင့် အဆိုင်း (၃) ဆိုင်း ခွဲ၍လုပ်ငန်း ဆောင်ရွက်ပါသည်။ ရုံးပိုင်းဆိုင်ရာကိစ္စရပ် တာဝန်ယူသူများအနေဖြင့် အလုပ်ချိန်(၈)နာရီသာတာဝန်ထမ်းဆောင်ပါသည်။ ဝန်ထမ်းခန့်ထားမှုအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဟိုတယ်လုပ်ငန်းသင်တန်းများသို့တက်ရောက်ပြီးသည့်ကျွမ်းကျင်

ဝန်ထမ်းများ၊ ကူးစက်ရောဂါကင်းရှင်းသော ကျန်းမာသည့်ဝန်ထမ်းများကိုသာ ခန့်ထား ပါသည်။ဝန်ထမ်းများ၏ လုပ်ခလစာအနေဖြင့် သက်ဆိုင်ရာ အဆင့်အလိုက် ငွေကျပ် ၇၀၀၀၀ မှ ကျပ် ၃၅၀၀၀၀ အတွင်းသတ်မှတ်ပေးထားပြီး စားရိပ်ငြိမ်းဖြင့် နေစရာ အဆောင်စီစဉ်ထားရှိပါသည်။ ဝန်ထမ်းများ၏ရပိုင်ခွင့်အတွက်အမြဲတမ်းဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့သို့ ဝင်ရောက်စေ၍ လစဉ်ထည့်ဝင်ကြေးပေးသွင်းပါသည်။ ဝန်ထမ်းများ အတွက်ထောက်ပံ့ကူညီမှု အနေဖြင့်ကျန်းမာရေးစောင့်ရှောက်မှု၊ သာရေး နာရေးကူညီပေး မှုများ၊ လုပ်ငန်းအောင်မြင်မှုအလိုက် နှစ်စဉ်တနှစ်လျှင် ၃ ကြိမ် အပိုဆုကြေးငွေထောက်ပံ့ ပါသည်။ ဝန်ထမ်းများအရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန်လုပ်ငန်းလိုအပ်ချက်အရဇည့်သည် ပါးသည့်ရာသီများတွင် သက်ဆိုင်ရာဘာသာရပ်များအား တိုင်းအတွင်းဖွင့်လှစ်သည့် သင်တန်းများတက်ရောက်စေပြီး လိုအပ်ပါကပြည်တွင်းပြည်ပသို့ ဟိုတယ်မှစရိတ်ကျခံ၍ စေလွှတ်သင်ကြားပေးပါသည်။

## ၅-၈။ မီးဘေးတားဆီးရေးအစီအမံများ

ဟိုတယ်မြေဧရိယာအတွင်း၌ သစ်အမျိုးအစားဖြင့်တည်ဆောက်ပြီး သက်ကယ်မိုးမိုးထား သည့် အဆောက်အဦများ၊ အုတ်/အင်္ဂတေဖြင့် တည်ဆောက်ပြီး သွပ်မိုးမိုးထားသည့် အဆောက်အဦ စုစုပေါင်း (၄၅) လုံးခန့်ရှိပါသည်။ အဆိုပါအဆောက်အဦများ၏ မီးဘေး လုံခြုံရေးစီမံချက်ကို ရေးဆွဲ၍ဆောင်ရွက်လျက်ရှိပါသည်။ ဟိုတယ်ဧရိယာအတွင်းရှိ အဆောက်အဦများကို ဇုန်နယ်မြေ (၅) ခုသတ်မှတ်ထားရှိ၍ မီးဘေးကာကွယ်ရေး လုပ်ငန်းများအား ဆောင်ရွက်ပါသည်။

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) ၏ မီးဘေးလုံခြုံရေးစီမံချက်ကို အကောင် အထည်ဖော်ဆောင်ရန် ဟိုတယ်၌ခန့်ထားတာဝန်ပေးအပ်ထားသည့် ဌာနတာဝန်ခံပါဝင် သော မီးဘေးကာကွယ်ရေးဦးဆောင်အဖွဲ့ကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေး အပ်ထားပါသည်-

| | | |
|---|---|---|
| (က) | GM/RM/OM | အဖွဲ့ခေါင်းဆောင် |
| (ခ) | Security Incharge | အတွင်းရေးမှူး |

| | | |
|---|---|---|
| (ဂ) | Head Maintenance and Engineering Dept | တွဲဘက်အတွင်းရေးမှူး |
| (ဃ) | Head of Front Office Dept | အဖွဲ့ဝင် |
| (င) | Head of Housekeeping Dept | အဖွဲ့ဝင် |
| (စ) | Head of Food and Beverages Dept | အဖွဲ့ဝင် |
| (ဆ) | Administration Dept | အဖွဲ့ဝင် |

ဟိုတယ်အတွင်း မီးဘေးကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တည်ဆောက်ထားပါသည်။ ရေသိုလှောင်ကန်များ တည်ဆောက်ထားမှုတွင် ဝန်ထမ်း စားဖိုဆောင်အနီးတွင် ဂါလံ (၆၄၀၀) ဆန့် အုတ်ရေကန် (၁) ကန်၊ မီးစက်စက်ရုံ အနီးတွင် ဂါလံ (၄၈၀၀)ဆန့် နှင့် ဂါလံ (၅၀၀)ဆန့် မြေစိုက်အုတ်ရေကန် (၂) ကန်၊ လုံးချင်းအိပ်ဆောင် ဧရိယာအတွင်း ဂါလံ (၅၀၀၀) ဆန့် မြေ စိုက်အုတ်ရေကန် (၁) ကန်၊ လုံးချင်းအိပ်ဆောင်များအနောက်ဘက်တွင် ဂါလံ (၄၀၀) ဆန့် မြေပေါ် အုတ်ရေကန် (၁)ကန်၊ ပင်မ ဆောင်ရှေ့ ဂါလံ (၉၇၀၀၀) ဆန့် ရေကူးကန် (၁) ကန်၊ အထူးအိပ်ဆောင်ရှေ့ ဂါလံ (၃၀၀၀၀) ဆန့် ရေကူးကန် (၁)ကန်တို့အား တည်ဆောက် ထားပါသည်။ တည်ဆောက်ထားရှိပြီး အဆောက်အဦများတွင် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုအနေဖြင့် ပင်မဆောင်(၄)ဘူး၊ အစည်းအဝေးခန်းမ(၁)ဘူး၊ စားသောက် ဆောင်နှင့်စားဖိုခန်း(၂) ဘူး၊ နှစ်ခန်းတွဲတည်းခိုဆောင်များ (၁၀) ဘူး၊ အထူးတည်းခို ဆောင် (၄) ဘူး၊ ၇–ခန်းတွဲ နှစ်ထပ်တည်းခိုဆောင်(၈) ဘူး၊ နှစ်ခန်းတွဲ တည်းခိုဆောင် များ(၄) ဘူး၊ လုံးချင်းတည်းခိုဆောင်များ(၅) ဘူး၊ ကလပ်ဆောင်(၁) ဘူး၊ ၆–ခန်းတွဲ မန်နေဂျာများအိပ်ဆောင်(၂) ဘူး၊ မီးစက်ခန်း(၃) ဘူး၊ ပြင်/ထိန်း သိုလှောင်ရုံ (၂) ဘူး၊ အဝတ်လျှော်ခန်း (၁) ဘူး၊ ဝန်ထမ်း (ကျား/မ) အိပ်ဆောင်(၂) ဘူး၊ ၁၀–ခန်းတွဲ အိမ်ထောင်သည်ဆောင်(၂) ဘူး၊ ပင်မပစ္စည်းသိုလှောင်ရုံ(၂) ဘူး၊ ဝန်ထမ်းစားရိပ်သာနှင့် မီးဖိုဆောင်(၂) ဘူး၊ တောင်ပေါ်ရေစက်(၂)ဘူးတို့အား မီးသတ်ဦးစီးဌာန၏လမ်းညွှန်ချက် များအတိုင်း တပ်ဆင်ထားရှိပါသည်။

ဟိုတယ်ဝန်းအတွင်း မီးသတ်ရေငုတ်တိုင်များတပ်ဆင်ထားရှိမှုအနေဖြင့် နှစ်ခန်းတွဲ တည်းခိုဆောင် (၁၁)ဆောင်၏ နောက်ကျောတွင် (၂) လက်မ ရေထွက်ပေါက် (၄)ပေါက်ရှိသော(၄)လက်မ ရေငုတ်(၂)ငုတ်တို့အား တပ်ဆင်ထားပါသည်။

မီးသတ်ရေစုပ်စက်တပ်ဆင်မှုအနေဖြင့် အလွယ်တကူရွှေ့ပြောင်း သယ်ယူနိုင်သော (၄)လက်မ အပေါ့စား ရေစုပ်စက် (၂)လုံးနှင့် ရေပိုက်ကြိုး (၁) ခွေ၊ တာပေါ်လင်ပိုက် (၂)ခွေတို့အား စီစဉ်ထားရှိပါသည်။ အလားတူမီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ နှစ်ခန်းတွဲတည်းခိုဆောင်နောက်ကျော၌ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး (၃) မျိုး (၅) စုံ၊ (၂) တွဲတို့အား ချိတ်ဆွဲထားရှိပြီးဖြစ်ပါသည်။

မီးဘေးလုံခြုံရေးစီမံချက်မှာ နည်းလမ်း (၃) သွယ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နည်းလမ်း (၁) မီးလောင်မှုမဖြစ်ပွားမီ ဆောင်ရွက်ခြင်း၊ နည်းလမ်း (၂) မီးလောင်မှုဖြစ်ပွားစဉ်ဆောင်ရွက်ခြင်း၊ နည်းလမ်း (၃) မီးလောင်မှုဖြစ်ပွားပြီးနောက် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟိုတယ်ရှိဝန်ထမ်းများအား မီးငြိမ်းသတ်ရေး ပညာပေးဟောပြောခြင်း၊ ဓာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းများကို နယ်ခံမီးသတ်စခန်း၏ အကူအညီဖြင့် ဆောင်ရွက်ထားရှိပါသည်။ ဟိုတယ်အတွင်း အဓိကမီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှုအနေဖြင့် နည်းပါးပါသည်။ သို့ရာတွင် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်လာပါကငြိမ်းသတ်နိုင်ရန် Fire Killer၊ Smoking Detector၊ Fire Alarm Box၊ Call Point ၊ Hon Stoke တို့အား အဆောက်အဦများတွင် အရန်သင့်တပ်ဆင်ထားရှိပါသည်။ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက ပင်လယ်ကမ်းခြေအနီးတွင် တည်ဆောက်ထားသဖြင့် မီးငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်ပိုက်များနှင့် ရေစုပ်စက်များအားအရန်သင့် အချိန်နှင့်တပြေးညီ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ အခြားမီးဘေးတားဆီးရေး အစီအမံများကို သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့် စီစဉ်ထားရှိပါသည်။ မီးဘေးလုံခြုံရေးအတွက် ဓာက်တိုက်လေ့ကျင့်မှုများကိုလည်း လေ့ကျင့်ပြုလုပ်သွားပါမည်။

## ၅-၉။ရေအရင်းအမြစ်နှင့်ရေသုံးစွဲမှု

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) ၏ ဟိုတယ်လုပ်ငန်းရပ်များနှင့် ဝန်ထမ်းများ သုံးစွဲမှုတို့အတွက် ဟိုတယ်ဝန်းအတွင်း အဝီစိတွင်းတူး၍လည်းကောင်း၊ တောင်ပေါ်

ဆည်ရေမှလည်းကောင်း ရယူသုံးစွဲပါသည်။ ဟိုတယ်ဝန်းအတွင်း စိုက်ပျိုးထားသည့် ပန်းမာန်များ၊ မြက်ခင်းများအား ရေလောင်းရန်အတွက် ဟိုတယ်အတွင်း သုံးစွဲ၍ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အနည်ထိုင် သန့်စင်ပြီး ထွက်ရှိလာသည့်ရေနှင့် ဟိုတယ်ဘေးရှိ ညောင်မော်ချောင်းမှ ချောင်းရေတို့အား ရယူ၍သုံးစွဲပါသည်။ ရေသုံးစွဲမှု အနေဖြင့်ဧည့်သည် လာရောက်သည့် ရာသီအချိန်တွင် တရက်လျှင် ရေဂါလံ (၇၀၀၀၀) ခန့်နှင့် ဧည့်သည်ပါးသည့် ရာသီအချိန်တွင် တရက်လျှင် ရေဂါလံ (၃၀၀၀၀)ခန့် သုံးစွဲသဖြင့် တနှစ်လျှင်ပျမ်းမျှ ရေဂါလံ (၅၀၀၀၀၀၀) ခန့် သုံးစွဲပါသည်။ ဟိုတယ်ဝန်း အတွင်းရှိရေကူးကန်အားလည်း ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရန်နှင့် ကျန်းမာရေးအတွက် သန့်ရှင်းစေရန်ရည်ရွယ်၍(၂)ရက်လျှင် တကြိမ်ရေကန်သန့်ရှင်းမှုနှင့် ကန်ရေလဲလှယ်မှုအား ဆောင်ရွက်ပါသည်။ ရေသုံးစွဲမှုအနေဖြင့် မြေအောက်ရေကို အဓိကထား သုံးစွဲခြင်းဖြစ်သဖြင့် မြေအောက်ရေလျော့နည်းမှု ဖြစ်ပေါ်စေပါသည်။ မြေအောက်ရေ သုံးစွဲမှုလျော့ချရေးအနေဖြင့် ထွက်ရှိလာသည့်စွန့်ပစ် ရေများအား ပြန်လည်သန့်စင်၍ အသုံးပြုသည့်နည်းစနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်သွားပါမည်။ ဤနည်းအားဖြင့်ရေသုံးစွဲမှုအား လျော့ချသုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်သွား ပါမည်။

## ၅-၁၀။စွမ်းအင်သုံးစွဲမှုနှင့် စွမ်းအင်ရရှိရန် ဆောင်ရွက်မည့်အစီအစဉ်

ငွေဆောင်မြို့အတွင်းရှိ ဟိုတယ်လုပ်ငန်းအားလုံးသည် လျှပ်စစ်မီးရရှိရန်အတွက် မီးစက် တစ်မျိုးထဲကိုသာ အသုံးပြုလျှက်ရှိပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် လာရောက်သည့် ဧည့်သည်အရေအတွက်ပေါ်မူတည်၍ မီးစက်အကြီး၊ အလတ်၊ အသေးတို့ကို ရွေးချယ်၍ အမှန်တကယ်လိုအပ်သည့် လျှပ်စစ်ပမာဏကိုသာ ထုတ်ယူအသုံးပြုပါသည်။ လက်ရှိဟိုတယ်အနေအထားနှင့် ဝင်ရောက်နိုင်မည့် ဧည့်သည် အရေအတွက်အားခန့်မှန်းတွက်ချက်၍ 90 KVA, 20 KVA, 110 KVA , 45 KVA, 145 KVA, 63 KVA တို့အားအသုံးပြု၍ လိုအပ်ချက်အလိုက်စွမ်းအင်ရယူသုံးစွဲ သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ငွေဆောင်မြို့၌ လျှပ်စစ်မီးရရှိရန်ဆောင်ရွက် လျှက်ရှိသဖြင့် လျှပ်စစ်မီးဖြင့်သုံးစွဲသွားနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း

သို့ အသုံးပြုခွင့် လျှောက်ထားတင်ပြပြီးဖြစ်၍ တပ်ဆင်ခွင့်ရရှိသွားပါက မီးစက်သုံးစွဲမှု လျော့နည်းသွားပြီး ဒီဇယ်ဆီသုံးစွဲမှု လျော့နည်းသွားနိုင်မည် ဖြစ်ပါသည်။

မီးအားပေးစက်များအား Silent Type ဖြင့်အသုံးပြုထားပါသည်။ လျှပ်စစ်မီးလုံးများ သုံးစွဲမှု ကိုလည်း Watt အားသက်သာပြီးလင်းအားများသော LED မီးလုံးများကိုသာ အများဆုံး အသုံးပြုထားပါသည်။ ဟိုတယ်အခန်းအတွင်း အသုံးပြုထားသော TV များသည်လည်း လျှပ်စစ် Watt အနည်းငယ်သာအသုံးပြုသော LED TV များဖြင့် ထည့်သွင်းအသုံးပြုထားပါသည်။ လုံခြုံရေး ကင်မရာ CCTV များကိုလည်း လာရောက်သည့်ဧည့်သည်များလုံခြုံစေရေးအတွက်အများသုံးရေချိုးခန်းများမှအပ ဟိုတယ်တစ်ခုလုံး မြင်သာအောင်တပ်ဆင်ထားပါသည်။ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်ကျပြီး အမျိုးအစား ကောင်းမွန်သော ပစ္စည်းများကိုအသုံးပြုထားပါသည်။ အကယ်၍ ဝါယာရှော့ခ်ဖြစ်ပါကအလိုအလျောက်ဖြတ်တောက်ပေးမည့် Breaker များကိုအသုံးပြုထားပါသည်။ ဟိုတယ်တွင်အများဆုံးအသုံးပြုသော အလင်းရောင်မှာနေရောင်ခြည် ဖြစ်ပါသည်။ ဟိုတယ် အခန်းများသာမက ဧည့်ကြိုဆောင်၊ ဧည့်ခန်းဆောင်၊ ရုံးခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင် အစရှိသော လုပ်ငန်းဆိုင်ရာ နေရာများသည်လည်း အလင်းရောင်ကို ပြည့်ဝစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ထားပါသည်။ ဟိုတယ်၏ ဖွဲ့စည်းပုံမှာလည်း သဘာဝအလင်းရောင်များ ဝင်ရောက်နိုင်ရန်နှင့် သဘာဝအလှအပများအား ခံစားသိရှိနိုင်ရန် တည်ဆောက်ထားပါသည်။

## ၅-၁၁။ ဟိုတယ်ပတ်ဝန်းကျင်သာယာလှပရေးနှင့်စိမ်းလန်းရေးဆောင်ရွက်ထားရှိသည့်အစီအစဉ်

ဟိုတယ်အတွင်း သန့်ရှင်းနေစေရန်အတွက် အမှိုက်ပုံးများအား ဟိုတယ်အခန်းနှင့် အခန်းပြင်ပ လျှောက်လမ်းများတွင် ချထားပေးခြင်း၊ ဟိုတယ်ပတ်ဝန်းကျင်အား နေ့စဉ်ရှင်းလင်းခြင်း၊ ရေမြောင်း များအား အနံ့မထွက်စေရန် တစ်ပတ်တစ်ကြိမ် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဟိုတယ်အတွင်းအပြင်၌ နှစ်ရှည်ပင်များ၊ Memory Tree နှင့် သီးပင်စားပင်များကို စိုက်ပျိုးခြင်းများ ပြုလုပ်ထားပါသည်။ နှစ်ရှည်ပင်များအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဟာဘူတ စုစုပေါင်း (၇၃) ပင်၊ ဝါးဘိုးဝါး၊ ရွှေဝါး စုစုပေါင်း (၅၀၀) ပင်၊ အရိပ်ရအပင်များဖြစ်သော တရုတ်စကား၊ သရက်ပင်၊ ခရေပင်၊ ငုဝါ၊

စိန်ပန်း၊ ကုက္ကိုလ် စုစုပေါင်း (၂၀၀) ပင်၊ အုန်းပင် (၅၀၀) ပင်ခန့် ဂေါက်ကွင်းမြေ (၆.၅) ဧကနှင့် ဟိုတယ်ပတ်ဝန်းကျင် (၃.၅) ဧကပေါ်တွင် ဂျပန်မြက်များစိုက်ပျိုးထားပါသည်။လာရောက်တည်းခိုသော ဧည့်သည်များမှ အမှတ်တရအနေဖြင့် Memory Tree များ စိုက်ပျိုးနိုင်ရန်အတွက် တရုတ်စကားပင်၊ ပိတောက်ပင်၊ ကံ့ကော်ပင်၊ သစ်မွှေးပင်၊ တောင်လေ့ကားပင် အစရှိသော ပျိုးပင်များကို စီစဉ်ထားရှိ၍ ယခုအခါ Memory Tree စိုက်ပျိုးထားမှုအနေဖြင့် စုစုပေါင်း (၂၅)ပင် စိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။ သီးပင်စားပင်များအနေဖြင့် ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ခရမ်းသီး၊ ဘူးသီး၊ ဖရုံသီး၊ ကိုက်လန်၊ မုန့်ညှင်း၊ မုန်လာ၊ နွေပဲ၊ သင်္ဘော၊ နံနံပင်၊ ငှက်ပျော၊ ဒန့်ဒလွန်၊ ဖောင်းလျားသီး အစရှိသည်တို့ကို သဘာဝမြေသြဇာကိုသာသုံး၍ စိုက်ပျိုးထားပါသည်။

## ၅-၁၂။ ယာဉ်ရပ်နားရန်စီစဉ်ဆောင်ရွက်ထားရှိမှု

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) တွင် အသုံးပြုနိုင်ရန်အတွက် ကားပါကင်အနေဖြင့် လာရောက် တည်းခိုသူများရပ်နားနိုင်မည့်ကားအစီးရေမှာ အနည်းဆုံး ၆၀ စီးခန့် ရပ်နားနိုင်ရေးဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။တည်းခိုနေထိုင်သူများ အဆင်ပြေစေရန်နှင့်ယာဉ်ကြော ပိတ်ဆို့မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ လာရောက်တည်းခိုသည့် ဧည့်သည်များမှပါရှိလာသည့် မော်တော်ယာဉ်များအား ရပ်နားနိုင်ရန်အတွက် လုံလောက်သော အကျယ်အဝန်းရှိသည့်အပြင် ဟိုတယ်ဝန်းအတွင်း အသုံးပြုမည့် တည်းခိုဆောင်တခုချင်းသွား ယာဉ်ငယ်များနှင့် ဧည့်သည်များမှ ငှားရမ်းအသုံးပြုမည့် ယာဉ်ငယ်များအားလည်း စည်းကမ်းတကျထားရှိသွားမည် ဖြစ်ပါသည်။

# ၆။ လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

ပုဒ်မ ၃ (ခ)။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရေးနှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

ပုဒ်မ ၃ (ဂ)။ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

ပုဒ်မ ၇ (ဉ)။ အစိုးရဌာန၊အဖွဲ့အစည်း သို့မဟုတ်ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်း၍ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့်လူမှုရေးအရ ထိခိုက်မှု ဆန်းစစ်သည့် စနစ်တစ်ရပ်ကိုချမှတ်ဆောင်ရွက်စေခြင်း၊

ပုဒ်မ ၇ (ဏ)။ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများထုတ်ယူ ရောင်းဝယ်ရေးလုပ်ငန်း များတွင် ထည့်ဝင်စေရန်စီမံခန့်ခွဲခြင်း၊

ပုဒ်မ ၁၄ ။ ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင်ညစ်ညမ်းမှု ကို ဖြစ်စေသည့်ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ နှင့်အညီသတ်မှတ်ချက်များ အတိုင်းသန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

ပုဒ်မ ၁၅ ။ ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာ တစ်ခုခု၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု များကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန်၊ လုပ်ငန်းခွင် အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေး ပစ္စည်းကိရိယာကိုတပ်ဆင်ခြင်းသို့မဟုတသုံးစွဲခြင်းပြုရမည်။ ယင်းသို့ဆောင်ရွက် ခြင်းမပြုနိုင်ပါကစွန့်ပစ်ပစ္စည်းများအားပတ်ဝန်းကျင်ကိုမထိခိုက်စေသော နည်းလမ်း များနှင့်အညီ စွန့်ပစ်နိုင်ရန်စီစဉ်ဆောင်ရွက်ရမည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ(၂၀၁၄)

အပိုဒ် ၂၃ (ခ)။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေးအတွက် လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်

ညစ်ညမ်းမှုလျှော့နည်းပပျောက်ရေးတို့ အတွက်လည်းကောင်းအစီအစဉ်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

အပိုဒ် ၂၆ (ဇ)။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်ကို ရေးဆွဲ၍ ဝန်ကြီးဌာန သို့ တင်ပြခြင်း။

အပိုဒ် ၃၀ (က)။ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်စေရန်နှင့်ပေးလျော်ရမည့်ငွေပမာဏ အပါအဝင် လိုအပ်သည့်အချက်များကို ကော်မတီ၏အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(၂၀၁၅)

အပိုဒ် ၁၂။ ဝန်ကြီးဌာနသည် စီမံကိန်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုအား ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် လို/မလို သတ်မှတ်ခြင်း မပြုရသေးမီ ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ်ထိခိုက်မှု မရှိနိုင်သည့် အစပျိုးလုပ်ငန်းဆောင်ရွက်မှုများကို လိုက်နာ ဆောင်ရွက်ရမည့် ကြိုတင်စည်းကမ်းချက်များ သတ်မှတ်၍ ဆောင်ရွက်စေနိုင် သည်။

အပိုဒ် ၁၃ (က)။ ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃၄၊ ၅၀၊ ၆၁ အရ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အဆင့်အားလုံးတွင် အများပြည်သူနှင့် သင့်လျော်သော တိုင်ပင်ဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ရမည်။

အပိုဒ် ၅၂။ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာကို အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း အတွက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနကထုတ်ပြန်ထားသော သို့မဟုတ် ချမှတ်ထားသော သက်ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ပြုစုရမည်။

အပိုဒ် ၅၅။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် ဆိုးကျိုးသက်ရောက်မှုအားလုံးကို သင့်တင့်စွာ စုံစမ်းစစ်ဆေးမှုပြုရန်နှင့် ဦးစီးဌာန က အတည်ပြုထားသော လုပ်ငန်းတာဝန်များနှင့်အညီ ဆောင်ရွက်ရမည်။

အပိုဒ် ၅၉။ စီမံကိန်းအဆိုပြုသူသည်ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာန ကဖြစ်စေ အတည်ပြုထားသော သက်ဆိုင်ရာအမျိုးသားစံချိန်စံညွှန်း သို့မဟုတ်

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းကို လည်းကောင်း၊ ယင်းအမျိုးသားစံချိန်စံညွှန်း သို့မဟုတ် ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းမရှိပါက ဝန်ကြီးဌာန က သဘောတူထားသော စံချိန်စံညွှန်းများကိုလည်းကောင်း အသုံးပြုခြင်း သို့မဟုတ် လိုက်နာခြင်းနှင့် ကိုးကားခြင်းပြုရမည်။

အပိုဒ် ၆၁။ စီမံကိန်းအဆိုပြုသူသည် အောက်ဖော်ပြပါ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်း စဉ်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ် အဖြစ်ဆောင်ရွက်ရမည်–

(က) အဆိုပြုစီမံကိန်း၊ ယင်း၏ဆိုးကျိုးသက်ရောက်မှုများနှင့် သက်ဆိုင် သော သတင်းအချက်အလက်များကိုအများပြည်သူနှင့် လူမှု အဖွဲ့အစည်းများ သိရှိနိုင်စေရန် သက်ဆိုင်ရာဒေသနှင့် နိုင်ငံပိုင်မီဒီယာများမှလည်းကောင်း၊ စီမံကိန်းသို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ဝက်ဘ်ဆိုဒ်မှလည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူဆိုင်ရာနေရာ များတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းနေရာတွင် အများမြင်သာအောင် ဆိုင်းဘုတ်များစိုက်ထူ၍လည်းကောင်း၊ အခြားသင့်လျော်သော နည်းလမ်း ဖြင့်လည်းကောင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း (အင်တာဗျူး)များ ပြုလုပ်၍လည်းကောင်း အချိန်နှင့်တပြေးညီ ဖော်ထုတ် တင်ပြခြင်း၊

(ခ) စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ရပ်ရွာ အခြေပြုအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများပါဝင်သည့် အမျိုးသား အဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဒေသအဆင့်တိုင်ပင်ဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း၊

(ဂ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်း စသည်တို့ အပါအဝင်သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင် ညှိနှိုင်းခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ အတွက် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များစီစဉ်ခြင်း။

အပိုဒ် ၇၇။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အပိုဒ် ၆၃ (ဓ) ပါဝန်ကြီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုဝန်ခံချက်နှင့်အတူ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ် ဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့ တင်ပြရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စာရွက်စာတမ်းအပြည့်အစုံဖြင့် လည်းကောင်း၊ ဒီဂျီတယ်ပုံစံဖြင့်လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်းစေ၍ ဦးစီးဌာနသို့တင်သွင်းရမည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံကြောင်း၊

(ခ) ဤလုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာ လိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲထားကြောင်း၊

(ဂ) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း။

အပိုဒ် ၇၅။စီမံကိန်းအဆိုပြုသူသည်စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့် အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကိုအကျိုးအကြောင်း ဖော်ပြ၍၊ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်းစီမံကိန်းကိုထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအား အသစ်ပြုလုပ်တင်ပြရမည်။

အပိုဒ် ၇၆။ စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ်

ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် ဒုတိယအဆင့်တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရမည်။

အပိုဒ် ၁၀၂။ စီမံကိန်းအဆိုပြုသူသည်–

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့်ဆိုးကျိုးသက်ရောက်မှု များအားလုံးတို့အတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များ၊ အခြား သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်ရမည်။

အပိုဒ် ၁၀၃။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည် ဖော်ရမည့်အပြင်ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးကစီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေများ၊ဤလုပ်ထုံးလုပ်နည်း၊ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

အပိုဒ် ၁၀၄။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသောလိုအပ်ချက်များ အားလုံးအတွက်တာဝန်ရှိသည့်အပြင်ယင်းတို့ကို အပြည့်အဝထိရောက်စွာအကောင်အထည် ဖော်ဆောင်ရွက်ရမည်။

အပိုဒ် ၁၀၅။ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သောဆိုးကျိုး သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီစာဖြင့် အသိပေးတင်ပြရ မည်။

အပိုဒ် ၁၀၈။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်းတင်ပြရမည်။

အပိုဒ် ၁၁၃။ စီမံကိန်းအဆိုပြုသူသည်–

(က) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်အလို့ငှာ စစ်ဆေးရန်တာဝန်ရှိ သူအား သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုရမည်။

(ခ) ဝန်ကြီးဌာနက အကြောင်းအားလျော်စွာ လိုအပ်လာသည့်အခါ စီမံကိန်း၏ ရုံးများနှင့် စီမံကိန်းလုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြားနေရာများသို့ အချိန်မရွေး ဝင်ရောက်ခွင့်ပြုရ မည်။

အပိုဒ် ၁၁၅။ စီမံကိန်းအဆိုပြုသူသည် အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ စီမံကိန်းသည် သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကိုဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်နိုင်သည် သို့မဟုတ် ပျက်ကွက်ရန်အန္တရာယ်ရှိသည်ဟု ယူဆလျှင် ဖြစ်စေမည်သည့်အချိန်တွင်မဆို စစ်ဆေးရန်တာဝန်ရှိသူအား ချက်ချင်းဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

အပိုဒ် ၁၁၇။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်း၏ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများကိုလည်း စစ်ဆေးရန် တာဝန်ရှိသူက စစ်ဆေးခြင်းကိုခွင့်ပြုရမည်။

## အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)

အပိုဒ် (၂.၆.၄) ဟိုတယ်၊ အပန်းဖြေနေရာ၊ အခြားတည်းခိုနေထိုင်ရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် အစားသောက်ကျွေးမွေးဧည့်ခံရေး လုပ်ငန်းများ အပါအဝင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ဤလမ်းညွှန်ချက်များကိုလိုက်နာရမည်။ အဆိုပါ လုပ်ငန်း
များမှစွန့်ပစ်ရေနှင့်မိလ္လာရေစွန့်ထုတ်မှုများကိုသမာရိုးကျသန့်စင်မှုစနစ်ဖြင့်အောက်ဖော်ပြပါ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များရရှိအောင် စီမံဆောင်ရွက်ရမည်–

### စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)

| Parameter | Unit | Guideline Value |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Chemical oxygen demand | mg/l | 250 |
| 0il and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Total coliform bacteria | 100ml | 400 |
| Total nitrogen | mg/l | 10 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

ပုဒ်မ (၁၂)။ ပုဒ်မ ၁၁ အရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိသူသည် လုပ်ကိုင်လိုသည့် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းအတွက် လိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

ပုဒ်မ (၁၃)။ တည်းခိုရိပ်သာလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံခြားခရီးသည်များ အတွက် ဖြစ်စေပြည်တွင်း ခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များနှစ်မျိုးလုံးအတွက် ဖြစ်စေ တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဤဥပဒေအရသာ လိုင်စင် လျှောက်ထားရမည်။

ပုဒ်မ (၁၇)။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်တွင် ခွင့်ပြုသည့် လုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်၊

(ခ) လိုင်စင်ခနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သော နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်းပေးဆောင်ရမည်၊

(ဂ) လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်၊

(င) ဦးစီးဌာနက သတ်မှတ်ထားသော စာရင်းများ၊ မှတ်တမ်းများကို သတ်မှတ်သော နည်းလမ်းများနှင့်အညီ ပေးပို့ရမည်၊

(စ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်၊

(ဆ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရမည်၊

အပိုဒ် (၁၈)။ (က) လိုင်စင်ရရှိသူသည် မိမိက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူ ပြောင်းလဲလျှင် ထို့သို့ပြောင်းလဲကြောင်းကိုဦးစီးဌာသို့ စာဖြင့်အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူကဖြစ်စေ လုပ်ငန်းတည်နေရာပြောင်းလဲလျှင် ထိုသို့ပြောင်းလဲကြောင်းကို ဦးစီးဌာနသို့ စာဖြင့် အကြောင်းကြားရမည်။

(ဂ) လိုင်စင်သက်တမ်း မကုန်ဆုံးမီ လိုင်စင်ရရှိသူသေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သော နည်းလမ်းများနှင့်အညီ ဦးစီးဌာသို့ လျှောက်ထားရမည်။

အပိုဒ်(၂၃)။ မည်သူမျှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုကို ပုဒ်မ ၁၆ ပုဒ်မခွဲ(က)အရ ထုတ်ပေးသော လိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

အပိုဒ်(၂၄)။ လိုင်စင်ရရှိသူသည် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းကို လွှဲပြောင်း လုပ်ကိုင်စေခြင်း သို့မဟုတ် လိုင်စင်ကိုလွှဲပြောင်း ရောင်းချခြင်းမပြုရ။

အပိုဒ်(၂၅)။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည်-

(က) လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ခ) ပုဒ်မ ၁၈ ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ

(ဂ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

## ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် (၁.၉.၂၀၁၁)

အမိန့်အမှတ် ၂ ။ လုပ်ငန်းလိုင်စင်လျောက်ထားသူသည် အောက်ပါအခြေအနေများနှင့် ပြည့်စုံရမည်-

(က) ဟိုတယ်သို့မဟုတ် တည်းခိုရိပ်သာအဖြစ်အသုံးပြုရန် သင့်လျော်သည့် အဆောက်အအုံကို ပိုင်ဆိုင်၍ ဖြစ်စေ၊ ငှားရမ်း၍ ဖြစ်စေ ရှိပြီးဖြစ်ရမည်။

(ခ) အပိုဒ်ခွဲ(က)ပါ အဆောက်အအုံ၏တည်နေရာနှင့် ပရိဝုဏ် သည် လုပ်ငန်းသဘာဝနှင့် သင့်တင့်လျောက်ပတ်ပြီး ကျန်းမာရေးနှင့် ညီညွတ် သော အခြေအနေရှိရမည်။

(ဂ) အပိုဒ်ခွဲ(က)ပါ အဆောက်အအုံကို သက်ဆိုင်ရာဒေသ စည်ပင်သာယာရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်ရမည်။

(ဃ) အပိုဒ်ခွဲ(က)ပါ အဆောက်အအုံသည် ဟိုတယ်ဖြစ်ပါက နောက်ဆက်တွဲ(က)ပါ အနည်းဆုံးလိုအပ်သည့် အခြေခံ အချက်များနှင့်လည်းကောင်း တည်းခိုရိပ်သာဖြစ်ပါက နောက်ဆက်တွဲ(၁)ပါ အနည်းဆုံးလိုအပ်သည့် အခြေခံ အချက်များနှင့်လည်းကောင်းပြည့်စုံရမည်။

အမိန့်အမှတ် ၁၂။ ဟိုတယ်လုပ်ငန်းသို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းရှင်သည်–

(က) ဟိုတယ်အဆင့်သတ်မှတ်ချက်ကို ဖော်ပြသည့် ကြေးပြား ကို ဟိုတယ်အဝင်ဧည့်ကြိုကောင်တာ သို့မဟုတ် ဟိုတယ် ၏ ထင်ရှားသော မြင်သာသော နေရာတွင် ချိတ်ဆွဲ တပ်ဆင်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင်ကို ဧည့်ကြိုကောင်တာသို့မဟုတ် ထင်ရှားမြင်သာသောနေရာတွင် ချိတ်ဆွဲတပ်ဆင်ထားရ မည်။

(ဂ) သတ်မှတ်ထားသည့် ဟိုတယ်သို့မဟုတ်တည်းခိုရိပ်သာ အမျိုးအစားအဆင့်အတန်းနှင့် လျော်ညီသည့် ပရိဘောဂ များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ကိရိယာများကို အစဉ်အမြဲ ဖြည့်ဆည်းထားရှိရမည်။

(ဃ) ဦးစီးဌာနကအခါအားလျော်စွာညွှန်ကြားသတ်မှတ်သော ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

(င) ဟိုတယ်သို့မဟုတ်တည်းခိုရိပ်သာ အဆောက်အအုံ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးတို့အတွက် သင့်လျော်သည့် ပြုပြင်ထိန်းသိမ်းရေးအစီအမံများဆောင်ရွက်ထားရမည်။

(စ) အခန်းနှင့်ဝန်ဆောင်မှုတစ်ခုခုအတွက် ကြိုတင်စာရင်းပေးပါက မှတ်ပုံတင်ခြင်း အပါအဝင်ကြိုတင်ရောင်းချရေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို သတ်မှတ်သည့် အတိုင်း ပြည့်စုံမှန်ကန်စွာရေးသွင်းရမည်။

(ဆ) အပိုဒ်ခွဲ(စ)ပါအတိုင်း ကြိုတင်စာရင်းပေးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လက်ခံအတည်ပြုကြောင်းသို့မဟုတ် အကြောင်းတစ်ခုခုကြောင့် လက်မခံနိုင်ပါက လက်မခံနိုင်ကြောင်းကို သက်ဆိုင်ရာဧည့်သည်သို့မဟုတ် အဖွဲ့အစည်း ထံပြန်ကြားပေးရမည်။

(ဇ) အပိုဒ်ခွဲ(စ)ပါအတိုင်း ကြိုတင်စာရင်းပေးမှတ်တမ်းပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လက်ခံဆောင်ရွက်ပေးရန် အတည်ပြုပြန်ကြားပြီးပါက လက်ခံအတည်ပြုထားသည့်အတိုင်း ဝန်ဆောင်မှုအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဈ) ဟိုတယ်လုပ်ငန်းသို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသော ဈေးနှုန်း၊ ဝန်ဆောင်မှု အစီအစဉ်များ၊ သတ်မှတ်ချက်နှင့် စည်းကမ်းချက်များကို ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ည) ဦးစီးဌာနကအတည်ပြုထားသောအခန်းနှင့် ဝန်ဆောင်မှုဆိုင်ရာဈေးနှုန်းအတိုင်းသာကျသင့်ငွေကို လက်ခံရယူရမည်။

(ဋ) ဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းဆိုင်ရာ ငွေစာရင်းများကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ပြည်သူ့စာရင်းကိုင်၏ စစ်ဆေးအတည်ပြုချက်ကိုရယူထားရမည်။

(ဌ) စီမံခန့်ခွဲသူအဖြစ် သင့်လျော်သော အရည်အချင်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သူကိုသာ ခန့်ထားရမည်။

(ဍ) လုပ်ငန်းကဏ္ဍအလိုက်သက်ဆိုင်ရာ ဟိုတယ်သင်တန်းသို့ တက်ရောက်ပြီးသည့်ကျွမ်းကျင်ဝန်ထမ်းများထားရှိရမည်။

(ဎ) မိမိလုပ်ငန်းတွင်တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားလုပ်သား တစ်ဦးဦးက လုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့်စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ ယင်းကဲ့သို့ တာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်မှုအတွက် တာဝန်ရှိစေရမည်။

(ဏ) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက အခါအားလျော်စွာထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၎င်းအပြင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ မြန်မာနိုင်ငံအာမခံလုပ်ငန်းဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်း ဥပဒေ(၂၀၁၃)၊

အလုပ်သမားလျော်ကြေးငွေအပ်ဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ အနည်းဆုံး အခကြေးငွေဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ကမ်းခြေတည်မြဲ အမိန့်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဟိုတယ်လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များနှင့် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကိုလည်း တိကျစွာ လိုက်နာ ဆောင်ရွက်သွားပါမည်။

# ၇။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်( **Environmental Management Plan - EMP** )

## ၇–၁။ မြေထုပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုနှင့်ကုစားမှု

ဟိုတယ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် မြေထုညစ်ညမ်းမှုအား သိသာစွာ ထိခိုက်မှု မရှိနိုင်ပါ။ ဟိုတယ်ဝန်းအတွင်း အသုံးပြုသည့်ယာဉ်များနှင့် ဧည့်သည်များမှ ယူဆောင်လာသည့် မော်တော်ယာဉ်များမောင်းနှင်မှုကြောင့်မြေလွှာထိခိုက်မှုရှိနိုင်ပါသည်။ ဟိုတယ်ဝင်းသာယာလှပရေးအတွက် သစ်ပင်ပန်းမန်များ သီးပင်စားပင်များ စိုက်ပျိုးရန်အတွက် မြေပြုပြင်မှုဆောင်ရွက်ခြင်းကြောင့်လည်း မြေလွှာထိခိုက်နိုင်ပါသည်။ မြေလွှာထိခိုက်မှုတွင် မြေလွှာပျက်စီးခြင်း၊ မြေလွှာတိုက်စားခံရခြင်း၊ မြေဆီလွှာများဆုံးရှုံးခြင်းနှင့် ရေစီးတွင် ပါသွားခြင်းတို့ပါဝင်ပါသည်။ မြေလွှာပျက်စီးခြင်းကို လျော့နည်းစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများမှာ မြေတူးခြင်း၊ မြေပြုပြင်ခြင်းမှ ထွက်ရှိလာသည့် မြေစာများကို မြေနိမ့်များတွင်ဖို့ခြင်း ဖြည့်ဆည်းခြင်း၊ ဖြစ်နိုင်ပါကမော်တော်ယာဉ်များ ဝင်ထွက်သွားလာရာတွင် အတိုဆုံးလမ်းကြောင်းများ ဖော်ထုတ်ပေးခြင်း၊ ထိခိုက်မှုရှိနိုင်သည့် ဧရိယာအတွင်းအန္တရာယ် ကင်းစွာလုပ်ကိုင်နိုင်ရေးအတွက် အစီအမံပြုလုပ်ထားခြင်းဖြင့် မြေဆီလွှာထိခိုက်မှု လျော့နည်းသက်သာစေမည်ဖြစ်ပါသည်။

ဟိုတယ်စားဖိုဆောင်နှင့်ဝန်ထမ်းအိမ်ရာများမှထွက်ရှိသည့် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများ၊ အစားအစာအကြွင်းအကျန်များ၊ မသန့်ရှင်းသည့် ရေဆိုးရေညစ်များ၊ မိလ္လာအညစ်အကြေးများ၊ လူ့အသုံးအဆောင်စွန့်ပစ်ပစ္စည်းများ၊ပန်းဥယျာဉ်များမှထွက်ရှိသည့်သစ်ရွက်အဟောင်းအဆွေးများ၊ သစ်ကိုင်းကျိုးများကြောင့်လည်း မြေညစ်ညမ်းမှု ဖြစ်ပေါ်နိုင်

ပါသည်။ ဟိုတယ်စားဖိုဆောင်မှထွက်ရှိသည့် အစားအစာအကြွင်းအကျန်များအား မြေသြဇာပြန်လည်ရရှိနိုင်ရေးအတွက် ဟိုတယ်ဝန်းအတွင်း မြေကျင်းတူး၍ စွန့်ပစ်ပါသည်။ မြေသြဇာအဖြစ်ရရှိသည့်အခါ ဟိုတယ်ဝန်းအတွင်းရှိပန်းများ၊ သစ်ပင်များအတွက်အသုံးပြုပါသည်။မီးဖိုချောင်မှထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားစည်ပင်သာယာရေးကော်မတီနှင့်စွန့်ပစ်ရေးကိစ္စညှိနှိုင်း၍ စွန့်ပစ်သွားပါမည်။ ဟိုတယ်ဝန်းအတွင်းစိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပိုမိုကောင်းမွန်စေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇-၂။ လေထုပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုနှင့်ကုစားမှု

ဟိုတယ်အတွင်း လျှပ်စစ်စွမ်းအင်ရရှိနိုင်ရေးအတွက် အသုံးပြုလျှက်ရှိသည့် မီးစက်များ၊ အသုံးပြုခြင်းမှ အညစ်အကြေးအမှုန်အမွှားများဖြစ်သည့် $PM_{10}$ နှင့် $PM_{2.5}$ ၊ နိုင်ထရိုဂျင်အောက်ဆိုဒ် (No) နှင့် ကာဗွန်မိုနောက်ဆိုဒ်(C0) ဓါတ်ငွေ့များ ထွက်ရှိနိုင်မည်ဖြစ်၍ လေထုကိုယာယီအားဖြင့်သာ ညစ်ညမ်းစေနိုင်မည်ဖြစ်ပါသည်။

ဟိုတယ်ဝန်းအတွင်း လေထုညစ်ညမ်းမှုမရှိသလောက်နည်းပါးပါသည်။ ဟိုတယ်စားဖိုဆောင်မှ ထွက်ရှိမည့် ညှော်နံ့နှင့် အခိုးအငွေ့များအား အဆင့်မြင့်နည်းပညာများဖြင့် လေထုညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်ပါမည်။ ညှော်နံ့နှင့်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်ကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။ လေထုညစ်ညမ်းမှုရှိမရှိကိုလည်း တိုင်းတာစစ်ဆေး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဌာနမှထုတ်ပြန်ထားသည့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွင်ပါဝင်သည့် စံချိန်စံညွှန်းများအတိုင်းရောက်ရှိအောင်လိုက်နာဆောင်ရွက်သွားပါမည်။

## ၇-၃။ ရေထုညစ်ညမ်းမှုနှင့်ပြန်လည်ကုစားမှု

ဟိုတယ်ဝန်းအတွင်း အသုံးပြုသည့်ရေသုံးစွဲမှုနှင့်ပတ်သက်၍ လိုအပ်သလောက်သာချင့်ချိန်သုံးစွဲခြင်းဖြင့်ပတ်ဝန်းကျင်ထိခိုက်မှုကိုလျော့နည်းစေရေး ဆောင်ရွက်သွားပါမည်။

ပုသိမ်မြို့နယ်တွင် ရေရရှိမှု လွယ်ကူသော်လည်း ရေကိုစနစ်တကျ သုံးစွဲမှုပြုလုပ်နိုင်ရန် အလုပ်သမားများ ရေကို ထိန်းထိန်းသိမ်းသိမ်း သုံးစွဲရေး တိုက်တွန်းခြင်း၊ ဖြစ်နိုင်ပါက သုံးစွဲပြီးရေကို အခြားနေရာ (ဥပမာ– လမ်း) အားရေဆေးခြင်း၊ ဖုန်မထရန် ရေဖြန်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းကိစ္စများအတွက် ပြန်လည်အသုံးပြုစေခြင်းဖြင့် ရေသုံးစွဲမှု လျော့နည်းစေပြီး အသုံးပြုမှုပိုမိုထိရောက်စေမည်ဖြစ်ပါသည်။

စွန့်ပစ်ရေသန့်စက်ရုံမှ ထွက်ရှိသည့်ရေသည် နိုက်ထရိုဂျင်ဓါတ်နှင့် ဖော့စဖောရပ်စ်ဓါတ် ပါဝင်ပြီး မြေသြဇာကြွယ်ဝမှုဖြစ်သဖြင့် မြက်ခင်းများ၊ အပင်များကို ရေဖြန်းခြင်းတွင် ပြန်လည်အသုံးပြုခြင်းဖြင့် အပင်အတွက်များစွာအကျိုးရှိပါသည်။ သို့သော်အဆိုပါ ရေတွင် ဆိုဒီယမ်၊ ကလိုရိုက်နှင့်ပါအောက်ဆိုဒ်ဓါတ်များပါဝင်သဖြင့် အပင်ကြီးထွားမှုကို နှောင့်နှေးစေပါသည်။ ဆိုဒီယမ်များပါက အပင်၏အရွက်များတွင် အစက်အပျောက်များ ဖြစ်စေပြီး လောင်စေခြင်း၊ မြေလွှာတွင်အယ်ကာလီမြင့်မားစေခြင်း၊ အပင်သို့ ကယ်စီယမ်သက်ရောက်မှုကို တားဆီးခြင်း၊ မြေလွှာ၏ရေစုပ်ယူမှုကိုထိခိုက်စေခြင်း တို့ကို ဖြစ်စေပါသည်။ ဆိုဒီယမ်ဓါတ် ပါဝင်မှုအချိုးအစား မြင့်မားသောရေသည် မြေဆီလွှာအရည်အသွေးကို ကျဆင်းစေပါသည်။ သို့ဖြစ်၍စွန့်ပစ်ရေသန့်စင်ရာ၌ ဆိုဒီယမ် ပါဝင်မှုလျှော့ချခြင်းဖြင့် အပင်များ ရေရှည်ရှင်သန်ရေးအတွက် အကျိုးရှိပြီး အထောက်အကူပြုပါသည်။ ထွက်ရှိလာသည့်စွန့်ပစ်ရေများအား ရေဆိုး သန့်စင်မှုများ ဆောင်ရွက်သွားပါမည်။

ဟိုတယ်ဝန်းအတွင်း ရေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်သည့် အခြေအနေမှာ စားဖိုဆောင်မှ ထွက်ရှိသည့်ရေဆိုးများ၊ ပန်းဥယျာဉ်တွင်အသုံးပြုရာမှထွက်ရှိလာသည့်ရေများ၊ဆေးသည့် များအသုံးပြု၍ ထွက်ရှိလာသည့် ရေများ၊ ဝန်ထမ်းအိမ်ရာများမှ အသုံးပြု၍ ထွက်ရှိလာသည့်ရေများကြောင့် မြေပြင်နှင့် ရေစွန့်ပစ်ရာနေရာများတွင် ရေညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ဟိုတယ်အခန်းများနှင့် Laundry ဌာနမှ ထွက်ရှိလာသော ရေဆိုးများကို မိလ္လာကန်များ၊ သဲရေစစ်ကန်များသို့ သန့်စင်စီးဆင်းစေပြီး ရေမြောင်းများမှတဆင့် စနစ်တကျသယ်ယူ၍ သစ်ပင်များ၊ စိုက်ခင်းများအား ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်ထားရှိပါသည်။ ထိုမှတဆင့် ပိုလျှံသောရေများအား ရေမြောင်းမှ တဆင့် စွန့်ပစ်ပါမည်။

မိလ္လာစနစ်အနေဖြင့် အဆင့် (၃)ဆင့်ခွဲ၍ ပြုလုပ်ထားပါသည်။




**BIO TANK**

(၁) အနည်စစ်ကန်

(၂) Bio Tank ခေါ် အပုတ်စားပိုးကန်

(၃) အရည်ကန်မှတဆင့်မြေအတွင်းသို့စိမ့်ဝင်သွားသည့်စနစ်ဖြင့် ဆောင်ရွက်သွားပါမည်။

ရေကူးကန်များကိုလည်း Water Treatment System ဖြင့် HCL Acid , Soda Ash, Liquid Flocauland နှင့် Chlorine တို့ကို အသုံးပြု၍ PH 7.2 to 7.6 ပုံမှန်ထားရှိသောရေသန့်စင်မှုစနစ်အား ထားရှိဆောင်ရွက်ခြင်းဖြင့် ရေကူးကန်သန့်စင်ရေးကိုလည်း ပုံမှန်ဆောင်ရွက်သွားပါမည်။

ဟိုတယ်မှအသုံးပြုပြီး ထွက်ရှိလာသည့် စွန့်ပစ်ရေများနှင့်ပတ်သက်၍သန့်စင်ပြီး စွန့်ထုတ်မည့်စွန့်ပစ်ရေအား ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ပေးပို့ခဲ့ပြီး ပါဝင်မှုနှုန်းများမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ် လွှတ်မှု) လမ်းညွှန်ချက်များပါစံနှုန်းများအတွင်းဝင်ရောက်ကြောင်း တွေ့ရှိရပါသည်။

| Parameter | Unit | Sample | Guideline Value |
|---|---|---|---|
| Total Suspended Solids | (mg/l) | Total Suspended Solids | 3.00 |
| Phosphorus as P | (mg/l) | Phosphorus as P | 2.80 |
| Oil and Grease | (mg/l) | Oil and Grease | 1.00 |
| B.O.D (Biochemical Oxygen | (mg/l) | B.O.D (Biochemical Oxygen | 1.66 |

| | | | |
|---|---|---|---|
| Demand) | | Demand) | |
| C.O.D (Chemical Oxygen Demand) | (mg/l) | C.O.D (Chemical Oxygen Demand) | 7.90 |
| pH Value | S.U[a] | pH Value | 6.77 |

သို့ဖြစ်ပါ၍ အဆိုပါစံနှုန်းများအတွင်း ဝင်ရောက်စေရေးကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။

## ၇-၄။ အသံဆူညံမှု

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel) ဝန်းအတွင်း အသံဆူညံမှုမရှိပါ။ လာရောက်တည်းခိုသည့် ဧည့်သည်များမှပါရှိလာသည့် မော်တော်ယာဉ်များကိုလည်း အသံဆူညံမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားပါမည်။ လျှပ်စစ်စွမ်းအင်ရရှိရန်အတွက် အသုံးပြုသည့် မီးစက်များကိုလည်း အသံဆူညံမှုမရှိစေရန်အတွက် အမျိုးအစားကောင်းမွန်သည့်မီးစက်များကိုသုံးစွဲထားပါသည်။ ယခုအသံဆူညံမှုအတိုင်းအတာအနေဖြင့် 35(dBA)[a] ဖြစ်သဖြင့် စံနှုန်း သတ်မှတ်ချက်ဖြစ်သည့် နေ့လည်အချိန် စံနှုန်း 55 (dBA)[a] နှင့် ညအချိန်စံနှုန်း 45(dBA)[a] အတွင်း ဝင်ရောက်သည့်အတွက် ဟိုတယ်ပတ်ဝန်းကျင်အတွင်း ထိခိုက်မှုမရှိနိုင်ပါ။ အသံဆူညံမှုအနေဖြင့် သတ်မှတ်စံနှုန်းအတွင်း ရောက်ရှိစေနိုင်ရေး ဆောင်ရွက်သွားပါမည်။

## ၇-၅။ အနံ့

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)၏ စားဖိုဆောင်မှထွက်ရှိလာမည့် ညှော်နံ့များမှာ ခေါင်းတိုင်မှထုတ်လွှတ်သည့်အနံ့ဖြစ်၍ အဆိုပါအနံ့များအား ထိန်းချုပ်နိုင်ရန် ခေါင်းတိုင်တွင်သမာရိုးကျထုတ်လွှတ်မှုထိန်းချုပ်ရေးကိရိယာ(Conventional Emission Control Equipment) သုံး၍ ထိန်းချုပ်သွားမည်ဖြစ်ပါသည်။ အနံ့ယူနစ် ၏

စံနှုန်းသတ်မှတ်ချက်ဖြစ်သည့် ၅ မှ ၁၀အတွင်း ရောက်ရှိစေနိုင်ရေးထိန်းချုပ်ဆောင်ရွက်သွားပါမည်။

## ၇–၆။ စွန့်ပစ်အစိုင်အခဲနှင့် လျော့ချပေးမည့်အစီအစဉ်များ

စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနေဖြင့် မီးဖို၊ စားသောက်ဆိုင်၊ ရုံးခန်း၊ အလုပ်သမားနားနေဆောင်၊ ဟိုတယ်ခန်းများ မှ စွန့်ပစ်သည့် စက္ကူအိတ်ခွံများ၊ ပလတ်စတစ်ဘူးခွံ၊ သတ္တုဘူးခွံ၊ ဖန်ပုလင်းခွံများ၊ မြေပြင်ပြုပြင်ခြင်းနှင့် အပင်များပြုစုခြင်းမှ ထွက်ရှိသည့် သစ်ကိုင်းသစ်ရွက် စသည့် အမှိုက်များ၊ မီးဖိုများနှင့်စားသောက်ဆိုင်တို့မှ စွန့်ပစ်သည့် စားကြွင်းစားကျန်များ၊ သိုလှောင်ခန်းများမှ စွန့်ပစ်သည့် သတ္တုပစ္စည်းအပိုင်းအစများနှင့် သစ်သားဘူးခွံများ၊ စသည်တို့ ပါဝင်ပါသည်။

စွန့်ပစ်ပစ္စည်းထွက်ရှိမှု တို့အားမှတ်တမ်းပြုစုထားပြီး ဟိုတယ်မှ လုပ်ငန်းတစ်ခုချင်းစီ အလိုက် ကုမ္ပဏီနှင့် စောင့်ကြည့်ထိန်းသိမ်းရေးထံသို့ လစဉ်အစီရင်ခံစာတင်ပြသွားမည် ဖြစ်ပါသည်။ လုပ်ငန်းခွင်မှထွက်ရှိသည့်စွန့်ပစ် ပစ္စည်းများကို ချောမွေ့စွာစွန့်ပစ်နိုင်ရေး ကြီးကြပ်ခြင်း၊ အမှိုက်သယ်ယာဉ်များအမှိုက်များ အပြည့်အမောက်တင်ဆောင်သွားခြင်းကို ခွင့်မပြုခြင်း၊ ပစ္စည်းများအလွန်အကျွံ ပိုမိုဝယ်ယူခြင်းကို ကန့်သတ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အရေအတွက်လျော့နည်းစေခြင်း၊ ပြန်လည်သုံးစွဲနိုင်သည့် ပစ္စည်းများကို အများဆုံးအသုံးပြုစေခြင်း၊ စွန့်ပစ်ပစ္စည်းများ ရောနှောစွန့်ပစ်ခြင်းကိုတားမြစ်၍ ပြန်လည်သုံးစွဲနိုင်သည့်စွန့်ပစ်ပစ္စည်း၊ ပြန်လည်သုံးစွဲရန် ဆင့်တက်ပြုပြင်နိုင်သည့် စွန့်ပစ်ပစ္စည်း၊လုံးဝစွန့်ပစ်ရမည့်စွန့်ပစ်ပစ္စည်းစသည်ဖြင့် ခွဲခြားစွန့်ပစ်စေခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

အမှိုက်စွန့်ပစ်သည့်နေရာ စနစ်တကျလုံခြုံစွာသိမ်းဆည်းထားနိုင်အောင် ဆောင်ရွက်ခြင်း၊ အရည်စွန့်ပစ်ရမည့်ပုံးများ စနစ်တကျလုံခြုံစွာသိမ်းဆည်းခြင်း၊ အမှိုက်ပုံးများ စနစ်တကျသတ်မှတ်ထားရှိခြင်း၊ ထို့နောက်စည်ပင်ဌာနနှင့်ချိတ်ဆက်၍ သတ်မှတ်ထားသောအမှိုက်စွန့်နေရာသို့ စနစ်တကျစွန့်ပစ်ပေးပါမည်။ လက်ရှိအနေဖြင့်လည်း ပတ်ဝန်းကျင်သန့်ရှင်းစေရန်နှင့် စိမ်းလန်းစိုပြေရေးကိုရှေးရှု၍ ဟိုတယ်ဝန်ထမ်းများ အလှည့်ကျတာဝန်ယူပြီး တစ်ပတ်လျှင် (၃)ကြိမ်အနည်းဆုံး ကမ်းခြေနှင့် ဟိုတယ်ပတ်ဝန်းကျင်တစ်ခုလုံးသန့်ရှင်း

ရေးနှင့် အမှိုက်ကောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ Kitchen နှင့် Hotel ခန်းအတွင်းမှ ထွက်ရှိလာသော အမှိုက်များ၊ ဟိုတယ်ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ကိုင်းခြောက်၊သစ်ရွက်ခြောက်များကိုမြေသြဇာရရှိရေးနှင့် Recycle အဖြစ် ပြန်လည် အသုံးပြုနိုင်ရန်အတွက် အမှိုက်၊ အမှိုက်အစို၊ အမှိုက်အခြောက်ခွဲခြား၍ သီးခြားမြေကျင်း များတူး၍လည်း စွန့်ပစ်စေပါသည်။

## ၇-၇။ အများပြည်သူပါဝင်မှုနှင့်သတင်းအချက်အလက်များထုတ်ဖော်မှု

ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းစတင်ချိန်တွင် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများအား တွေ့ဆုံ၍ လုပ်ငန်းနှင့်ပတ်သက်သည့်အကြောင်းအရာ များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဒေသခံပြည်သူများနှင့် အများပြည်သူသိရှိနိုင်ရန် အတွက် Offical Page ဖြစ်သည့် http://www.ngwesaungbeachhotel.com/ တွင်လုပ်ငန်းဆောင်ရွက်မှုအပိုင်းအား ပွင့်လင်းမြင်သာစွာသိရှိနိုင်ရန် ဖော်ပြထား ပါသည်။ ဒေသခံပြည်သူများမှ လိုအပ်ချက်များအား တင်ပြတောင်းခံလာသည့် အခါ တွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။ ဒေသအတွင်း နေထိုင်သည့်ပြည်သူများ အားလည်း ဟိုတယ်အတွင်း အလုပ်အကိုင်ရရှိစေရေးအတွက် ခန့်ထားမှုများကိုလည်း ဆောင်ရွက်ပေးပါသည်။

## ၇-၈။ ကျန်းမာရေးဆောင်ရွက်ထားရှိမှု

ငွေဆောင်ကမ်းခြေဟိုတယ် (Central Hotel)တွင် လာရောက်တည်းခိုသည့် ဧည့်သည် များ၏ ကျန်းမာရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်လျှင် အရေးပေါ်အသုံးပြုနိုင်ရန် ရှေးဦးသူနာပြုဆိုင်ရာ ဆေးပစ္စည်းများထားရှိသွားပါမည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် သင့်လျော်သော အားကစားနည်းများနှင့် အထောက်အကူပြုပစ္စည်း များ ထားရှိထားပါသည်။ ဟိုတယ်အတွင်းရှိ စားဖိုဆောင်မှ ချက်ပြုတ်ပြီးအစားအစာ ကြောင့်ဘေးဥပဒ်မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်သွားပါမည်။ ဝန်ထမ်းများကျန်းမာရေး အတွက် (၃) လတကြိမ် ပုံမှန်ဆေးစစ်ပေးခြင်း၊ ရောဂါတားဆီးမှုအစီအမံများ ပြုလုပ် ဆောင်ရွက်ပေးပါသည်။ စားဖိုဆောင်မှ စီစဉ်ထုတ်လုပ်သည့်အစားအစာနှင့် အဖျော်

ယမကာများကြောင့် တည်းခိုသူများနှင့် ဝန်ထမ်းများကျန်းမာရေးနှင့် ညီညွတ်စေရန် အတွက် အလေးထားဆောင်ရွက်သွားပါမည်။ ချက်ပြုတ်ရေးကိရိယာများ၊ အိုးခွက်အသုံး အဆောင်များ၊ စားသောက်ခန်းသုံးပစ္စည်းကိရိယာများအား ကျန်းမာရေးနှင့်ညီညွတ် စေရန်အတွက်သန့်ရှင်းစွာဖြင့်စီမံသုံးစွဲသွားပါမည်။ တည်းခိုသူများအသုံးပြုမည့် အိမ်ခန်း သုံးအထည်အလိပ်များအား ကျန်းမာရေးနှင့်ညီညွတ်၍သန့်ရှင်းစေရန်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဧည့်သည်အသစ်ရောက်ရှိတိုင်း အသစ်လဲလှယ်ပေးခြင်းဖြင့် ကျန်းမာရေးထိခိုက်မှု မရှိစေနိုင်ရေးဆောင်ရွက်ပေးသွားပါမည်။ ဧည့်သည်များ၊ ဝန်ထမ်းများ ကျန်းမာရေး ဆိုင်ရာအရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ဆေးရုံဆေးခန်းများသို့အချိန်မှီရောက်ရှိ စေနိုင်ရေး တွက် ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကားစီစဉ်ဆောင်ရွက်ထားရှိပါမည်။

## ၇-၉။ လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှု (Corporate Social Responsibility - CSR)

